# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 25 December 2024 ၁၁၆၈၂


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# တပ်မတော်(ရေ)မှ တည်ဆောက်ပြီးစီးခဲ့သည့် ၁၃၅ မီတာ ဖရီဂိတ်စစ်ရေယာဉ်ကြီး အမည်ပေးခြင်းနှင့် ရေချပေးခြင်းမင်္ဂလာအခမ်းအနား ကျင်းပ

## နိုင်ငံ၏ပြည်တွင်းရန်ကို နှိမ်နင်းခြင်း၊ ပြည်ပရန်ကို ကာကွယ်ခြင်းနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် စံနှုန်းစနစ်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည့် သာလွန်မင်းတရားကြီးကို ဂုဏ်ပြုသောအားဖြင့် စစ်ရေယာဉ်ကြီး "သာလွန်မင်း"ဟု အမည်ပေးအပ်



**နေပြည်တော် ဒီဇင်ဘာ ၂၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် တပ်မတော်(ရေ)၏ (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် တပ်မတော်(ရေ)မှ တည်ဆောက်ပြီးစီးခဲ့သည့် ၁၃၅ မီတာ ဖရီဂိတ်စစ်ရေယာဉ်ကြီး အမည်ပေးခြင်းနှင့် ရေချပေးခြင်းမင်္ဂလာကို ယနေ့ နံနက်ပိုင်းတွင် သန်လျင်တပ်နယ်ရှိ ရေတပ်သင်္ဘောကျင်းဌာနချုပ်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အားပေးချီးမြှင့်သည်။

**တက်ရောက်**

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ အငြိမ်းစား ကာကွယ်ရေးဦးစီးချုပ်(ရေ)များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှအဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ရေတပ်ကွပ်ကဲမှုဌာနချုပ်မှူး၊ ရေတပ်စခန်းဌာနချုပ်မှူးများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ အခမ်းအနားအစီအစဉ်အရ ၁၃၅ မီတာ ဖရီဂိတ်စစ်ရေယာဉ်ကြီး တည်ဆောက်ခဲ့မှုနှင့် ရေယာဉ်ဆိုင်ရာအချက်အလက်များကို ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းက ရှင်းလင်းတင်ပြသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆


**ဂါရဝပြုပေးအပ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းက စစ်ရေယာဉ်ပုံစံငယ်နှင့် စစ်ရေယာဉ်ကြီး ရေချရာတွင် အသုံးပြုခဲ့သည့် ရွှေပုဆိန်တို့အား ဂါရဝပြုပေးအပ်စဉ်။




၁၃၅ မီတာ ဖရီဂိတ်စစ်ရေယာဉ်ကြီး "သာလွန်မင်း" ကို တွေ့ရစဉ်။

ကြေးမုံ

# နိုင်ငံသားတိုင်း နိုင်ငံတော်အတွက် သမိုင်းပေးတာဝန်ထမ်းဆောင်

နိုင်ငံတော်ကာကွယ်ရေးတာဝန်သည် နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် နိုင်ငံသားတိုင်း ယောကျ်ား၊ မိန်းမ အသက်အရွယ်မရွေး ထမ်းရွက်ကြရမည့် မွေးရာပါ သမိုင်းပေးတာဝန်ဖြစ်သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ရာ၌ အမျိုးသမီးစစ်မှုထမ်းများ ပါဝင်ထမ်းရွက်နိုင်စေရန် အတွက် အမျိုးသမီးစစ်မှုထမ်း(အရာရှိ)များအား လေ့ကျင့်သင်ကြားမွေးထုတ်ပေးရန် ရည်ရွယ်ချက်ဖြင့် အမျိုးသမီးဗိုလ်လောင်းသင်တန်းကို ၂၀၁၄ ခုနှစ်မှစတင်၍ ဖွင့်လှစ်မွေးထုတ်ပေးခဲ့ရာ ယခုအခါသင်တန်းအမှတ်စဉ်(၁၁)သို့ ရောက်ရှိပြီဖြစ်သည်။

မြန်မာ့သမိုင်းကြောင်းတစ်လျှောက်တွင် အမျိုးသမီးများသည် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း၊ အမျိုးသားရေးသမိုင်း၊ နိုင်ငံရေးလှုပ်ရှားမှု သမိုင်းစဉ်အဆက်ဆက်တွင် အမျိုးသားများနှင့် ရင်ပေါင်တန်းပြီး စွန့်လွှတ်အနစ်နာခံမှု၊ ရဲဝံ့စွန့်စားမှုများဖြင့် ပါဝင်ခဲ့ကြသည်ကို တွေ့ရသည်။ မျက်မှောက်ကာလတွင် ပြည်ထောင်စုတစ်ဝန်းလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေကြရာတွင်လည်း ပြည်ထောင်စုဖွားတိုင်းရင်းသား မြန်မာအမျိုးသမီးထုစွမ်းအားကြီးကို တွေ့မြင်ရမည်ဖြစ်သည်။ ထို့ပြင် နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်ရာတွင်လည်း တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးဝန်ထမ်းတပ်ဖွဲ့အသီးသီးတွင်လည်း အမျိုးသမီးများ ပါဝင်ထမ်းဆောင်နေကြသည်ကို မြင်တွေ့ရမည်ဖြစ်သည်။

အမျိုးသမီးစစ်မှုထမ်းများကို စဉ်ဆက်မပြတ် မွေးထုတ်ပေးလျက်ရှိသောကြောင့် သက်ဆိုင်ရာတပ်ဖွဲ့အသီးသီး၏ တာဝန်များအပြင် ကြမ်းတမ်းခက်ခဲလှသည့် အထူးတာဝန်တပ်ဖွဲ့(အမျိုးသမီး)တာဝန်များ၊ မိုင်ထောင်ချီ ဝေးကွာသည့် ပင်လယ်သမုဒ္ဒရာများကို စစ်ရေယာဉ်များဖြင့် ဖြတ်ကျော်ပြီး ပြည်ပနိုင်ငံများနှင့် ချစ်ကြည်ရေးခရီးစဉ်များ၊ ရေကြောင်းလုံခြုံရေး ပင်လယ်ပြင် ပူးတွဲလေ့ကျင့်ခန်းများ၊ အမျိုးသမီးလေသူရဲပျံသန်းရေးတာဝန်များနှင့် လေထီးစစ်သမီးတာဝန်များကို ရဲဝံ့ပြောင်မြောက်စွာ ထမ်းဆောင်နေကြသည်ကို မြန်မာအမျိုးသမီးထုကြီးကိုယ်စား လေးစားဂုဏ်ယူဖွယ် တွေ့မြင်နေကြရသည်။

ထို့ပြင် အာဆီယံနိုင်ငံများ၏ အကြမ်းဖက်မှု တန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းလေ့ကျင့်ခန်းများတွင်လည်း တပ်မတော်အမျိုးသမီးစစ်မှုထမ်းများသည် နိုင်ငံတကာတပ်ဖွဲ့ဝင်များနှင့်အတူ ရင်ပေါင်တန်းပြီး စွမ်းဆောင်ရည်များ ပြသနိုင်ခဲ့သည်ကို မြင်တွေ့ကြရသည်။ မကြာသေးမီကာလက ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပခဲ့သည့် (၃၂)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲတွင်လည်း အမျိုးသမီးအရာရှိ/စစ်သည်များသည် ရွှေတံဆိပ်ငါးခု၊ ငွေတံဆိပ်လေးခု၊ ကြေးတံဆိပ် ခုနစ်ခုတို့ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး နိုင်ငံ့ဂုဏ်အတွက် မြှင့်တင်နိုင်ခဲ့သည်ကို မြင်တွေ့ရခြင်းအားဖြင့် မြန်မာအမျိုးသမီးစစ်မှုထမ်းများ၏ ကိုယ်ရည်ကိုယ်သွေးနှင့် စွမ်းဆောင်ရည်မနိမ့်ကျခြင်းကို လက်တွေ့ပြသနိုင်ခဲ့သည်။

"မည်သည့်အဖွဲ့အစည်းတွင်မဆို ခေါင်းဆောင်များ၏ အခန်းကဏ္ဍသည် အရေးကြီးသည့်အတွက် မိမိတို့ အဖွဲ့အစည်းမှ အားကိုးရသည့် ခေါင်းဆောင်ကောင်းများဖြစ်စေရန်နှင့် မိမိတို့၏အရည်အသွေးကို အစဉ်တိုးတက်စေအောင် အမြဲကြိုးစားနေရမည်ဖြစ်ကြောင်း၊ မှန်ကန်သည့် ခေါင်းဆောင်မှုပေးနိုင်ရေးအတွက် ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲလာသည့် အသိပညာ၊ အတတ်ပညာများကို ကိုယ်တိုင်တတ်မြောက် ပြည့်စုံနေရမည်ဖြစ်သကဲ့သို့ တည်ကြည်ရိုးသားမှုနှင့် တော်တည့်ဖြောင့်မတ်သည့် ကိုယ်ကျင့်တရား မြင့်မားနေရန်လည်းလိုကြောင်း။ ရဲရင့်ပြတ်သားသည့် ဆုံးဖြတ်ချက်၊ တာဝန်ယူမှု၊ တာဝန်ခံမှုများနှင့်အတူ လက်အောက်ငယ်သားများအပေါ် အဂတိကင်းကင်းဖြင့် မှန်ကန်ကောင်းမွန်အောင် ကွပ်ကဲသွားပြီး မိမိဦးဆောင်သည့်အဖွဲ့အစည်းကို ပိုမိုကောင်းမွန်အောင် ကြိုးပမ်းတည်ဆောက်သွားကြရန်" နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှာကြားထားသည်။

တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်များအပြင် သမိုင်းကပေးအပ်လာသည့် အမျိုးသားနိုင်ငံရေးတာဝန်များကိုပါ အောင်မြင်စွာထမ်းရွက်နိုင်ရေးအတွက် တပ်တွင်း၊ တပ်ပြင်စည်းလုံးညီညွတ်ရေးကို ခိုင်မာစွာတည်ဆောက်လျက်ရှိသည်။ "ဘယ်သူခွဲခွဲ ဒို့မကွဲ အမြဲစည်းလုံးမည်" ဟူသည့် ဆောင်ပုဒ်အတိုင်း စုစည်းညီညွတ်ကြရန် အထူးလိုအပ်သည်။ "ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး"ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ပန်ဆင်ပြီး နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးတို့အတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အလေးထားကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ တပ်မတော်အမျိုးသမီးစစ်မှုထမ်းများ၏ ကောင်းမွန်သည့် သမိုင်းအစဉ်အလာများကို ဆက်လက်ထိန်းသိမ်း ဆောင်ရွက်သွားခြင်းအပြင် နိုင်ငံသားအားလုံးသည် နိုင်ငံတော်အတွက် နိုင်ငံတော်ကာကွယ်ရေးတာဝန်များအပါအဝင် သမိုင်းပေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်ပြီး ပိုမိုကောင်းမွန်သည့် သမိုင်းမှတ်တိုင်များကို စိုက်ထူနိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် လေးစားစွာ တိုက်တွန်းအပ်ပါကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် လက်နက်ကိုင်ပဋိပက္ခများနှင့် သဘောထားကွဲလွဲမှုများကို ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ထိန်းသိမ်းရေး။

၃။ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ပေါ်လာစေရေးအတွက် တရားမျှတသော၊ သိက္ခာရှိသော၊ နည်းလမ်းကျန မှန်ကန်မှုရှိသော အထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေး။

၄။ ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်သူလူထုတစ်ရပ်လုံး၏ "စုပေါင်းအား"ဖြင့် ဆောင်ရွက်ရေး။

၅။ "ရှေ့သို့ချီမည် ပန်းတိုင်ဆီ" ဆိုသည့် ဆောင်ပုဒ်အတိုင်း နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ အမျိုးသားရေး စရိုက်လက္ခဏာနှင့် အမျိုးသားစိတ်ဓာတ်မြှင့်တင်ရေးတို့အတွက် ခိုင်မာသည့် ဇွဲ၊ လုံ့လ၊ ဝီရိယထားပြီး စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဖော်ဆောင်ရေး။

## ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း

- ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့မှ စတင်၍တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူခဲ့ပြီးဖြစ်ပါသည်။
- ယခုအခါ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ ရှေ့ပြေးလူဦးရေစာရင်းကို (၃၁-၁၂-၂၀၂၄) ရက်နေ့တွင် ထုတ်ပြန်သွားပါမည်။
- စာရင်းအချက်အလက်များ ရယူလိုပါက ပြည်သူ့အင်အားဦးစီးဌာန၏ Website www.dop.gov.mm တွင် ရယူနိုင်ပါသည်။

သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၄ - ၁၂ - ၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၃၀၀ | ၈,၃၀၀ | ၃၃၉ | ၂,၇၉၈,၅၀၀ |
| MTSH | ၃,၂၀၀ | ၃,၂၀၀ | ၂၀၄ | ၆၅၂,၈၀၀ |
| MCB | ၈,၄၀၀ | ၈,၄၀၀ | ၁၀၆ | ၈၉၀,၄၀၀ |
| FPB | ၁,၉၅၀ | ၁,၉၅၀ | ၁၄၁ | ၂၇၄,၉၅၀ |
| TMH | ၃,၀၀၀ | ၃,၀၀၀ | ၀ | ၀ |
| EFR | ၁,၆၅၀ | ၁,၇၀၀ | ၁,၄၅၉ | ၂,၄၁၇,၃၅၀ |
| AMATA | ၄,၃၀၀ | ၄,၄၀၀ | ၁၅ | ၆၅,၀၀၀ |
| MAEX | ၃,၁၅၀ | ၃,၁၅၀ | ၄၃၉ | ၁,၃၈၂,၈၅၀ |
| MADPL(PLB) | ၃,၁၅၀ | ၃,၁၅၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



အင်းလေးရှုခင်း ဓာတ်ပုံ – မျိုးမင်းထိုက် (ပြန်/ဆက်)

တိုင်းသူပြည်သားလူအများဟာ ဥမကွဲ၊ သိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျ ရှိဖို့လိုတယ်။ မလိုတဲ့သူတွေက ဘယ်လိုတိုက်တိုက်၊ ရှို့ရှို့၊ စစ၊ မိမိတို့ အဓိကပန်းတိုင်ကို မျက်ခြည်ပြတ် မခံဘဲ၊ လမ်းမလွဲအောင် ကြိုးစားဖို့လိုတယ်။

**(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် ရေဒီယိုမှ ထုတ်လွှင့်ခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

**❖ ၁၃၅ မီတာ ဖရီဂိတ်စစ်ရေယာဉ်ကြီးအနေဖြင့် ၂၁ ရာစု ရေတပ်များ၏ ရည်မှန်းချက်တာဝန်များနှင့် စွမ်းရည်များကို ပိုင်ဆိုင်မည့် စစ်ရေယာဉ်ကြီးဖြစ်ပြီး မြန်မာ့ပင်လယ်ပြင်အတွင်း သမားရိုးကျနှင့်သမားရိုးကျမဟုတ်သော ခြိမ်းခြောက်မှုများကို ရှေ့တန်းကျကျ ကာကွယ်တားဆီးတိုက်ပွဲဝင်နိုင်ခြင်း၊ ကင်းလှည့်ထောက်လှမ်းခြင်း၊ အကြမ်းဖက်အဖွဲ့အစည်းများ၊ ကျူးကျော်မှုများကို တိုက်ဖျက်ခြင်းနှင့် ရေပြင်နယ်နိမိတ်ကာကွယ်ခြင်း၊ မိမိနိုင်ငံပိုင်နက်ပင်လယ်ပြင်ကို ထိန်းချုပ်ခြင်းနှင့် လူသားချင်းစာနာထောက်ထား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နိုင်စွမ်းရှိသည့် စစ်ရေယာဉ်ကြီးပင်ဖြစ်ကာ ယခုကဲ့သို့ စစ်ဆင်ရေးနယ်ပယ်မျိုးစုံတွင် အသုံးပြုနိုင်သော စစ်ရေယာဉ်ကြီးအား ဖြည့်တင်းတည်ဆောက်နိုင်ခဲ့သည့်အတွက် မြန်မာနိုင်ငံ၏ ရေကြောင်းအကျိုးစီးပွားများ ဖြစ်ထွန်းတည်ရှိရာ မြန်မာ့ပင်လယ်ပြင်ကို ပိုမိုထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်မည်**

☆ ရှေ့ဖုံးမှ

ထို့နောက် ၁၃၅ မီတာ ဖရီဂိတ် စစ်ရေယာဉ်ကြီးအား အမည်ပေးခြင်း မင်္ဂလာအခမ်းအနား ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရေယာဉ်အမည်ပေးခြင်းမင်္ဂလာကို ဖတ်ကြားချီးမြှင့်ဆောင်ရွက်ရာတွင် နိုင်ငံ၏ပြည်တွင်းရန်ကို နှိမ်နင်းခြင်း၊ ပြည်ပရန်ကို ကာကွယ်ခြင်းနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် စံနှုန်းစနစ်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည့် သာလွန်မင်းတရားကြီးကို ဂုဏ်ပြုသောအားဖြင့် စစ်ရေယာဉ်ကြီး **"သာလွန်မင်း"** ဟု အမည်ပေးအပ်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရေယာဉ်အမည်ပေးခြင်းမင်္ဂလာကို ဖတ်ကြားချီးမြှင့်ဆောင်ရွက်စဉ်။

ယင်းနောက် ၁၃၅ မီတာ ဖရီဂိတ်စစ်ရေယာဉ်ကြီး ရေချပေးခြင်း မင်္ဂလာအခမ်းအနားကို ရေတပ် ထုံးတမ်းစဉ်လာများအတိုင်းဆောင်ရွက်ရာ မင်္ဂလာအချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရှန်ပိန်ပုလင်းခွဲ၍ ရေယာဉ်ကြီးအား ရေချပေးပြီး တပ်မတော်(ရေ) စစ်တီးဝိုင်းတပ်ဖွဲ့က ဂုဏ်ပြုတီးမှုတ်ကြသည်။

### ဂါရဝပြုပေးအပ်

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ထံ ကာကွယ်ရေးဦးစီးချုပ်(ရေ)က စစ်ရေယာဉ်ပုံစံငယ်နှင့် စစ်ရေယာဉ်ကြီး ရေချရာတွင် အသုံးပြုခဲ့သည့် ရွှေပုဆိန်တို့အား ဂါရဝပြုပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က စစ်ရေယာဉ်ကြီး တည်ဆောက်ရာတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော အရာရှိ၊ စစ်သည်များအား ရင်းရင်းနှီးနှီး

**စာမျက်နှာ ၄ သို့** ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၃၅ မီတာ ဖရီဂိတ်စစ်ရေယာဉ်ကြီးအား အမည်ပေးခြင်း မင်္ဂလာအခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၇၇)နှစ်မြောက် တပ်မတော်(ရေ)နှစ်ပတ်လည်နေ့အထိမ်းအမှတ် စစ်ရေယာဉ်များတပ်တော်ဝင်ခြင်းအခမ်းအနားတွင် ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၇၇)နှစ်မြောက် တပ်မတော်(ရေ)နှစ်ပတ်လည်နေ့အထိမ်းအမှတ် စစ်ရေယာဉ်များတပ်တော်ဝင်ခြင်းအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် တပ်မတော်(ရေ)၏ (၇၇)နှစ်မြောက် တပ်မတော်(ရေ)နှစ်ပတ်လည်နေ့တွင် နိုင်ငံတော်၏ ရေကြောင်းဆိုင်ရာ အကျိုးစီးပွားများနှင့် မြန်မာ့ပင်လယ်ပြင် သီးသန့်စီးပွားရေးဇုန်အား အပြည့်အဝကာကွယ် စောင့်ရှောက်နိုင်ရန်အတွက် စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားကို ရန်ကုန်မြို့ရှိ အမှတ်(၃)ရေတပ်ဆိပ်ခံတံတား၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် ဂုဏ်ပြုချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ အငြိမ်းစား ကာကွယ်ရေးဦးစီးချုပ်(ရေ)များနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ပြည်ထောင်စု ဝန်ကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှအဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရေတပ်ကွပ်ကဲမှု ဌာနချုပ်မှူး၊ ရေတပ်စခန်း ဌာနချုပ်မှူးများ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ တပ်မတော်(ရေ)မှအရာရှိ စစ်သည်၊ မိသားစုများနှင့်ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။ **စာမျက်နှာ ၅ သို့ ✳**

**☆ စာမျက်နှာ ၃ မှ**

တွေ့ဆုံနှုတ်ဆက်ကာ ဂုဏ်ပြုလက်ဆောင်သစ်သီးခြင်း ပေးအပ်ပြီး တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့် အတူ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ၁၃၅ မီတာ ဖရီဂိတ်စစ်ရေယာဉ်ကြီးကို Ship lift Platform မှ ရေချခြင်းကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တပ်မတော်(ရေ)မှ တည်ဆောက်ပြီးစီးခဲ့သည့် ၁၃၅ မီတာ ဖရီဂိတ်စစ်ရေယာဉ်ကြီး **"သာလွန်မင်း"**ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်မှုဖြင့် ၂၀၁၇ ခုနှစ် မတ်လတွင် ရေတပ်သင်္ဘောကျင်းဌာနချုပ်၌ ရေခင်းမင်္ဂလာအခမ်းအနားပြုလုပ်၍ စတင်တည်ဆောက်ခဲ့ပြီး ရေယာဉ်ကြီးသည် ကြီးမားသည့်အတွက် ကိုယ်ထည်များ ခွဲခြားတည်ဆောက်ခဲ့ကာ ရေယာဉ် ကိုယ်ထည်ကြီးအဖြစ် တွဲဆက်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ယခုစစ်ရေယာဉ်ကြီးသည် တပ်မတော်(ရေ)တွင် တည်ဆောက်ခဲ့သည့် စစ်ရေယာဉ်များအနက် အရွယ်အစားအကြီးမားဆုံးဖြစ်ပြီး ခေတ်မီစစ်ရေယာဉ်တစ်စင်း၏ လိုအပ်ချက်များနှင့်အညီ ကိုယ်ထည်ပိုင်း၊ စက်ပိုင်း၊ လျှပ်စစ်ပိုင်း၊ လက်နက်နှင့် လက်နက်စနစ်ပိုင်းတို့ကို ပြည့်စုံစွာ ထည့်သွင်းတည်ဆောက်ခဲ့ခြင်း ဖြစ်ပြီး ရေယာဉ်အတွင်းပိုင်း အခန်းဖွဲ့စည်းမှုများနှင့် စနစ်များကိုလည်း နိုင်ငံတကာခေတ်မီ စစ်ရေယာဉ်ကြီးများနည်းတူ ကောင်းမွန်စေရေး ကြိုးပမ်းတည်ဆောက်ခဲ့ခြင်းဖြစ်၍ ရေယာဉ်ဆိုင်ရာ အချက်အလက်များ အနေဖြင့် အလျား ၁၃၅ မီတာ၊ အနံ ၁၄ ဒသမ ၅ မီတာ၊ အမြင့် ၉ မီတာ၊ ရေစူး ၄ ဒသမ ၁ မီတာ၊ ဝန်ပြည့်အလေးချိန် ၃၅၀၀ တန်ရှိကာ အမြန်နှုန်းတစ်နာရီလျှင် ရေမိုင် ၃၀ အထိမောင်းနှင်နိုင်မည့်စစ်ရေယာဉ်ကြီးဖြစ်သည်။ ၁၃၅ မီတာ ဖရီဂိတ်စစ်ရေယာဉ်ကြီးအနေဖြင့် ၂၁ ရာစု ရေတပ်များ၏ ရည်မှန်းချက်တာဝန်များနှင့် စွမ်းရည်များကို ပိုင်ဆိုင်မည့် စစ်ရေယာဉ်ကြီးဖြစ်ပြီး မြန်မာ့ပင်လယ်ပြင်အတွင်း သမားရိုးကျနှင့် သမားရိုးကျမဟုတ်သော ခြိမ်းခြောက်မှုများကို ရှေ့တန်းကျကျ ကာကွယ်တားဆီးတိုက်ပွဲဝင်နိုင်ခြင်း၊ ကင်းလှည့်ထောက်လှမ်းခြင်း၊ အကြမ်းဖက်အဖွဲ့အစည်းများ၊ ကျူးကျော်မှုများကို တိုက်ဖျက်ခြင်းနှင့် ရေပြင်နယ်နိမိတ်ကာကွယ်ခြင်း၊ မိမိနိုင်ငံပိုင်နက်ပင်လယ်ပြင်ကို ထိန်းချုပ်ခြင်းနှင့် လူသားချင်းစာနာထောက်ထား ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ လုပ်ဆောင်နိုင်စွမ်းရှိသည့် စစ်ရေယာဉ်ကြီးပင်ဖြစ်ကာ ယခုကဲ့သို့ စစ်ဆင်ရေးနယ်ပယ်မျိုးစုံတွင် အသုံးပြုနိုင်သော စစ်ရေယာဉ်ကြီးအား ဖြည့်တင်း တည်ဆောက်နိုင်ခဲ့သည့်အတွက် မြန်မာနိုင်ငံ၏ ရေကြောင်း အကျိုးစီးပွားများ ဖြစ်ထွန်းတည်ရှိရာ မြန်မာ့ပင်လယ်ပြင်ကို ပိုမိုထိရောက်စွာ ကာကွယ် စောင့်ရှောက်နိုင်မည် ဖြစ်ကြောင်း သိရသည်။

၁၃၅ မီတာ ဖရီဂိတ်စစ်ရေယာဉ်ကြီး **"သာလွန်မင်း"** ကို ယနေ့ နံနက် ၉ နာရီတွင် စတင်ရေချခဲ့ပြီး ၁၀ နာရီ ၄ မိနစ်တွင် စစ်ရေယာဉ်တစ်စီးလုံး ရေထုအတွင်းသို့ အောင်မြင်စွာ ရောက်ရှိခဲ့ကြောင်းနှင့် ရေတပ်သင်္ဘောကျင်းဌာနချုပ် တံတားသို့ ၁၁ နာရီ ၂၄ မိနစ်တွင် ရောက်ရှိဆိုက်ကပ်ထားရှိကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်ရေယာဉ်ကြီးတည်ဆောက်ရာတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော အရာရှိ၊ စစ်သည်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း ရှင်းလင်းတင်ပြစဉ်။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူစဉ်။

✻ စာမျက်နှာ ၄ မှ

ဦးစွာ အခမ်းအနားအစီအစဉ်အရ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး အေးမင်းထွေးက တပ်တော်ဝင်စစ်ရေယာဉ်ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ရေတပ်သင်္ဘောကျင်း ဌာနချုပ် ဌာနချုပ်မှူးက ဗျူဟာစစ်ရေယာဉ်စုမှူးထံ တပ်တော်ဝင်စစ်ရေယာဉ်များနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ထံ ကာကွယ်ရေးဦးစီးချုပ်(ရေ)က တပ်တော်ဝင်အခမ်းအနားအထိမ်းအမှတ် စစ်ရေယာဉ်ပုံစံငယ်များအား ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ စစ်ဦးစီးအရာရှိချုပ်(ရေ)က တပ်တော်ဝင်စစ်ရေယာဉ်များအဖြစ် ကြေညာခြင်း၊ နိုင်ငံတော် အလံလွှင့်တင်ခြင်း၊ တပ်မတော်(ရေ)အလံလွှင့်တင်ခြင်း၊ တပ်တော်ဝင်အလံလွှင့်တင်ခြင်း၊ ခေါင်းလောင်းရိုက်ချက်တီးခြင်းနှင့် တပ်တော်ဝင်လုပ်ငန်းစဉ်များကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်တော်ဝင်စစ်ရေယာဉ်များဖြစ်သော ၆၃ မီတာ ရေငုပ်သင်္ဘော တိုက်ဖျက်ရေး ရေယာဉ်နှစ်စင်းတို့ကို လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် စစ်ရေယာဉ်(မုတ္တမ) ပေါ်ရှိ အလေးပြုခံစင်မြင့်မှနေ၍ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူနေစဉ် စစ်ရေယာဉ်(ရန်တိုင်းအောင်)နှင့် စစ်ရေယာဉ်(ရန်ကြီးအောင်) တို့မှ အမြောက် ၂၁ ချက် ပစ်ဖောက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အား ဂုဏ်ပြု အလေးပြုကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်အား ဖရီဂိတ်စစ်ရေယာဉ်(အောင်ဇေယျ) ဦးဆောင်သော ဖရီဂိတ်စစ်ရေယာဉ်(ကျန်စစ်သား)၊ ဖရီဂိတ် စစ်ရေယာဉ်(ဆင်ဖြူရှင်)၊ ကော်ဗက်စစ်ရေယာဉ် (တပင်ရွှေထီး)၊ ကမ်းလွန်ကင်းလှည့် စစ်ရေယာဉ်(အင်းလေး)နှင့် ရေငုပ်သင်္ဘောတိုက်ဖျက်ရေး ရေယာဉ် (ရန်ရဲအောင်)တို့က ရှေ့နောက်တန်းပုံပြု (Single Line Formation) ပုံစံဖြင့်လည်းကောင်း၊ ၄၉ မီတာ အမြန်သွားတိုက်ခိုက်ရေး ရေယာဉ်(ဒုံးပျံ) စစ်ရေယာဉ် ၄၉၁ ဦးဆောင်သော စစ်ရေယာဉ်နှစ်စင်းနှင့် အမြန်သွားကင်းလှည့်ရေယာဉ် လေးစင်းတို့က ရင်ပေါင်တန်းပုံပြု (Line Abreast Formation) ပုံစံများဖြင့် အသီးသီးပုံပြုမောင်းနှင်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ချီတက်အလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ထံသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ)က ဂုဏ်ပြုအလေးပြုပစ်ခတ်ထားသည့် ပထမဆုံးအမြောက်ကျည်ဆန်ခွံအား အထိမ်းအမှတ်လက်ဆောင်အဖြစ် ဂါရဝပြုပေးအပ်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၇၇)နှစ်မြောက် တပ်မတော်(ရေ)နှစ်ပတ်လည်နေ့အထိမ်းအမှတ် စစ်ရေယာဉ်များတပ်တော်ဝင်ခြင်းအခမ်းအနား တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုမောင်းနှင်ချီတက်အလေးပြုခဲ့ကြသည့် စစ်ရေယာဉ်များမှ အရာရှိ၊ စစ်သည်များနှင့် တပ်တော်ဝင်ရေယာဉ်များတည်ဆောက်ခဲ့ချိန်တွင် ပါဝင်ဆောင်ရွက်ခဲ့သည့် အရာရှိ၊ စစ်သည်များအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အထိမ်းအမှတ်တံဆိပ်(Plaque)၊ ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်ရာ တာဝန်ရှိသူအသီးသီးက လက်ခံရယူကြသည်။

စာမျက်နှာ ၆ သို့ ✻

✻ စာမျက်နှာ ၅ မှ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာ ယနေ့တွင် တပ်မတော်(ရေ)မှ တည်ဆောက်ပြီးစီးခဲ့သည့် ၁၃၅ မီတာ ဖရီဂိတ်စစ်ရေယာဉ်ကြီး အမည်ပေးခြင်းနှင့် ရေချပေးခြင်း၊ ၆၃ မီတာ ရေငုပ်သင်္ဘောတိုက်ဖျက်ရေးရေယာဉ်နှစ်စင်းအား တပ်တော်ဝင်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့သည့်အတွက် နိုင်ငံတော်၊ တပ်မတော်နှင့် တပ်မတော်(ရေ) တို့အတွက် မင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် နေ့တစ်နေ့ပင်ဖြစ်ကြောင်း၊ ၁၃၅ မီတာ ဖရီဂိတ်စစ်ရေယာဉ်ကြီးသည် လိုသလို ရွေးချယ် ပြောင်းလဲအသုံးပြုနိုင်သည့် ဂီယာစနစ်ပါဝင်သည့်ဒီဇယ် သို့မဟုတ် Gas Turbine ပေါင်းစပ်မောင်းနှင်မှုစနစ် (Combination of Diesel or Gas – CODOG) ကို တပ်ဆင်ထားသည့် စစ်ရေယာဉ်ကြီးဖြစ်ကြောင်း၊ တပ်မတော်(ရေ) အနေဖြင့် မြစ်တွင်းသွားရေယာဉ်များမှ ယခု ဖရီဂိတ်စစ်ရေယာဉ်ကြီးများအထိ အဆင့်ဆင့် တိုးမြှင့်တည်ဆောက်နိုင်ခဲ့သည်မှာ ဂုဏ်ယူဖွယ်ရာပင်ဖြစ်ကြောင်း၊ **"ရေတပ်၏ တိုက်စွမ်းအားသည် စစ်ရေယာဉ်ဖြစ်သည်"**ဟူသည့်ဆောင်ပုဒ်နှင့်အညီ ခေတ်မီစစ်ရေယာဉ်အသစ်များကို တည်ဆောက်ကာ ဝယ်ယူအသုံးပြုသူ အဆင့်မှ ကိုယ်တိုင်တည်ဆောက်သူ (Buyer to Builder) အဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်တော်ဝင်စစ်ရေယာဉ်များကို လှည့်လည်ကြည့်ရှုစဉ်။

မြန်မာနိုင်ငံ၏ ကမ်းရိုးတန်းသည် ရေမိုင် ၁၂၆၀ ရှည်လျားပြီး ကျွန်းပေါင်း ၁၄၀၀ ကျော်ရှိကာ ရေပေါ်ရေအောက် အဖိုးတန်သယံဇာတများ၊ ပင်လယ်ကမ်းရိုးတန်း သဘာဝ အလှတရားများစွာတို့ဖြင့် ပြည့်နှက်လျက်ရှိကြောင်း၊ ထိုကဲ့သို့ပြီးပြည့်စုံပြီး အဖိုးတန်လှသည့် မြန်မာ့ပိုင်နက်ပင်လယ်ပြင်ကို ကာကွယ်နိုင်ရေးအတွက် တပ်မတော် (ရေ)ကို ခေတ်မီအင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်လာစေရေး စဉ်ဆက်မပြတ် တိုးချဲ့ တည်ဆောက်ပေးနေခြင်းပင်ဖြစ်ကြောင်း၊ တပ်မတော်(ရေ)ကို တည်ဆောက်ရာတွင် ပထမအဆင့်ဖြစ်သည့် မြန်မာ့ပင်လယ်ပြင် သီးသန့်စီးပွားရေးဇုန်အား အပြည့်အဝ ကာကွယ်နိုင်သည့် သုံးဖက်မြင်စစ်ဆင်နိုင်စွမ်းရှိသော တိုက်ပွဲဝင်အသင့် ရေတပ် (Three Dimensional Combat Ready Navy) အဖြစ်သို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ထို့ပြင် ဒုတိယအဆင့်အနေဖြင့် မြန်မာ့ပင်လယ်ပြင်နှင့် ဆက်စပ် ပင်လယ်ပြင်များသို့ ဖြန့်ကြက်နိုင်စွမ်းရှိသည့် ရေတပ် (Adjacent Force Projection Navy / Regional Navy) အဖြစ်သို့ တက်လှမ်းနိုင်ရေးအတွက်လည်း ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆက်စပ် ပင်လယ်ပြင်များသို့ ဖြန့်ကြက်နိုင်စွမ်းရှိသည့် ရေတပ်ဖြစ်စေရေးအတွက် တိုက်စွမ်းအားပြည့်ဝသည့် စစ်ရေယာဉ်ကြီးများ မဖြစ်မနေ လိုအပ်မည်ဖြစ်သဖြင့် ရေယာဉ် တည်ဆောက်ခြင်းလုပ်ငန်းများကို ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

တပ်မတော်(ရေ)ကို တိုက်ပွဲဝင် အသင့်ဖြစ်စေရေးအတွက် စစ်ရေယာဉ်အသင့်ဖြစ်မှု၊ လက်နက်နှင့် လက်နက်စနစ်အသင့်ဖြစ်မှု၊ ရေတပ်သား အသင့်ဖြစ်မှု ဟူသည့် အသင့်ဖြစ်မှု (၃) ရပ်နှင့်ပြည့်စုံအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စစ်သည်တစ်ဦးချင်းအနေဖြင့် ကိုယ်စီကျွမ်းကျင်မှုရှိစေရေး အမြဲမပြတ်လေ့လာလေ့ကျင့်နေရမည်ဖြစ်ပြီး လက်နက်နှင့် လက်နက်စနစ်များကိုလည်း ကျွမ်းကျင်ပိုင်နိုင်မှုရှိအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လက်ဆင့်ကမ်း ပခုံးပြောင်းတာဝန် ထမ်းဆောင်ကြမည့် တပ်မတော်(ရေ)မှ မျိုးဆက်သစ် အရာရှိ၊စစ်သည်များကိုလည်း ကောင်းမွန်သည့် အစဉ်အလာကောင်းများ လက်ဆင့်ကမ်းပေးသွားရန်နှင့် မြန်မာ့ပင်လယ်ပြင်နှင့် ပင်လယ်ပြင် အကျိုးစီးပွားများကို ကာကွယ်ရေးအတွက် ပေးအပ်လာသည့် တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်သွားကြရန်လိုကြောင်း၊ (၇၇)နှစ်မြောက် တပ်မတော် (ရေ) နှစ်ပတ်လည်နေ့မှသည် နောင်ရာစုနှစ်၊ ထောင်စုနှစ်ပေါင်းများစွာအထိ နိုင်ငံတော်နှင့် တပ်မတော်၏ဂုဏ်ကို ဆက်လက် မြှင့်တင်သွားနိုင်ရန် ဆုမွန်ကောင်း တောင်းပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် အမှတ်(၃) ရေတပ်ဆိပ်ခံတံတားမှ ရောဝတီ ရေတပ်စခန်းဌာနချုပ်သို့ စစ်ရေယာဉ် (ရတနာပုံ)ဖြင့် ထွက်ခွာကြသည်။

## ဂါရဝပြုပေးအပ်

ထိုသို့ သွားရောက်စဉ် စစ်ရေယာဉ်ပေါ်၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ ကာကွယ်ရေးဦးစီးချုပ်(ရေ)က (၇၇)နှစ်မြောက် တပ်မတော်(ရေ)နှစ်ပတ်လည်နေ့အထိမ်းအမှတ် တံဆိပ်နှင့် စစ်ရေယာဉ်များ တပ်တော်ဝင် အထိမ်းအမှတ်တံဆိပ်များကို ဂါရဝပြုပေးအပ်သည်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၇၇)နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီးထိန်ဝင်းက (၇၇)နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့ အထိမ်းအမှတ်တံဆိပ်နှင့် စစ်ရေယာဉ်များ တပ်တော်ဝင်အထိမ်းအမှတ်တံဆိပ်များအား ဂါရဝပြုပေးအပ်စဉ်။



၆၃ မီတာ ရေငုပ်သင်္ဘောတိုက်ဖျက်ရေးရေယာဉ် နှစ်စင်းအား တွေ့ရစဉ်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရောဝတီ ရေတပ်စခန်းဌာနချုပ်ရှိ (၇၇)နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ပြခန်းတွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးကာ အထိမ်းအမှတ်ပြခန်းများနှင့် ရေတပ်စခန်းဌာနချုပ်အလိုက် ခင်းကျင်းပြသထားသည့် ပြခန်းများ၊ အမှတ်တရပစ္စည်း အရောင်းဆိုင်များ၊ မြန်မာ့ရိုးရာစားသောက်ဖွယ်ရာ အရောင်းဆိုင်များ၊ စာအုပ်အရောင်းဆိုင်များနှင့် တပ်မတော်ထုတ် လူသုံးကုန်ပစ္စည်း အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုအားပေးပြီး အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၇)နှစ်မြောက် တပ်မတော်(ရေ)နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုစစ်ရေးပြအခမ်းအနားနှင့် အန္တရာယ်ကင်းပရိတ်တရားနာယူ ဆွမ်းကပ်လှူဒါန်းခြင်းအခမ်းအနား ကျင်းပ





နေပြည်တော် ဒီဇင်ဘာ ၂၄

(၇၇)နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သန်လျင်တပ်နယ်ရှိ ရေတပ်လေ့ကျင့်ရေးဌာနချုပ်၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးအေးမင်းထွေး၊ အငြိမ်းစားကာကွယ်ရေးဦးစီးချုပ်(ရေ)များ၊ ရေတပ်ကွပ်ကဲမှု ဌာနချုပ်မှူး၊ ရေတပ်စခန်း ဌာနချုပ်မှူးများ၊ သန်လျင်တပ်နယ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ စစ်ရေးပြအခမ်းအနားအား အစီအစဉ်အတိုင်း ကျင်းပရာ နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော တပ်မတော်သားအပေါင်းအား အလေးပြုခြင်း၊ သစ္စာလေးချက် ရွတ်ဆိုခြင်းများ ဆောင်ရွက်ပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ)က စစ်ရေးပြတပ်ခွဲများအား စစ်ဆေးသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)က (၇၇)နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့ အထိမ်းအမှတ်မိန့်ခွန်း ပြောကြားကာ စစ်ရေးပြတပ်ခွဲများ၏ စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုခြင်းကိုခံယူပြီး စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

ထို့အပြင် (၇၇)နှစ်မြောက် တပ်မတော်(ရေ)နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ပရိတ်တရားနာယူခြင်းနှင့် အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားအား သန်လျင်တပ်နယ် မဟာနာဝါနီက ဇယမင်္ဂလာဗိမာန်တော်၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန် စာသင်တိုက်ကြီး၏ ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသနှင့် သန်လျင်မြို့ သမိုင်းဝင်ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ သန်လျင်မြို့နယ် သံဃနာယက ဩဝါဒါစရိယ သုဓမ္မာဝိနည်းဓိုရ် ပဝါရဏာဂိုဏ်း ဦးစီးဥက္ကဋ္ဌ မြို့ဦးစက်ပစ်ကွင်းကျောင်း ပဓာနနာယက ဆရာတော် ဘဒ္ဒန္တတေဇအမှူးပြုသော သံဃာတော်အရှင်သူမြတ်များက ကြွရောက်ချီးမြှင့်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့်ဇနီး၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးအေးမင်းထွေးနှင့် ဇနီး၊ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ဘဒ္ဒန္တတေဇထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားချီးမြှင့်တော်မူကြသည့် ပရိတ်တရားတော်များ နာယူကြသည်။

ထို့နောက် သံဃာတော်များအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက်ကြီး၏ ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ အနုမောဒနာတရား နာယူကြသည်။ ဆက်လက်၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေပြီး သံဃာတော်အရှင်သူမြတ်များအား အရုဏ်ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း ရာဂီမုန်တိုင်းအလွန် စိုက်ပျိုးထားသည့်စိုက်ခင်းများ ကွင်းဆင်းကြည့်ရှု



တပ်ကုန်း ဒီဇင်ဘာ ၂၄

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဌာနဆိုင်ရာများနှင့်တွေ့ဆုံခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေးက ဆီထွက်သီးနှံစိုက်မည့် အစီအမံများ၊ မြို့နယ်ကြေးတိုင်နှင့် မြေစာရင်းဦးစီးမှူး ဦးကျော်သူရိန်၊ မြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးအေးမင်းထွန်းတို့က မိုးသီးနှံရိတ်သိမ်းမှုနှင့် ဆောင်းသီးနှံစိုက်ပျိုးမှုအခြေအနေများ၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးမှူး ဦးမြင့်ဇော်က ဆင်သေဆည် လက်ဝဲ/လက်ယာ မြောင်းမများမှ စိုက်ပျိုးရေပေးဝေမှု အခြေအနေများ၊ မြို့နယ်စက်မှုလယ်ယာ ဦးစီးမှူး ဦးမျိုးနိုင်ဦးက ရာဂီမုန်တိုင်းအရှိန်ကြောင့် လယ်ယာမြေများပေါ်တွင် ရောက်ရှိလာသည့် နုန်း၊ သစ်တိုသစ်စနှင့် အမှိုက်ဒိုက်များ ဖယ်ရှားဆောင်ရွက်ပေးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းသည် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ နေပြည်တော် MSME အသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်စိုးလွင်တို့နှင့်အတူ ရာဂီမုန်တိုင်းအလွန် စိုက်ပျိုးထားသည့် ခရမ်းချဉ်စိုက်ခင်း၊ မတ်ပဲစိုက်ခင်းများနှင့် ဆိုလာရေတင်စနစ် ပျက်စီးမှုအား ကြည့်ရှုစစ်ဆေးပြီး တောင်သူလုပ်ငန်းနှင့်ပတ်သက်၍ လိုအပ်သည်များ ဆောင်ရွက်ပေးရေး သက်ဆိုင်ရာ တာဝန်ရှိသူများအား ဆွေးနွေး မှာကြားသည်။ ဆက်လက်၍ နေပြည်တော်ကောင်စီနှင့် တာဝန်ရှိသူများသည် မကျီးကုန်းကွင်း ပဲလွမ်းစိုက်ခင်း၊ မြေပဲစိုက်ခင်းများကို ကြည့်ရှုခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တင်စိုးလွင်

# ညောင်ဦးမြို့၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အမျိုးသမီးများ၏အခန်းကဏ္ဍ အသိပညာပေး

ညောင်ဦး ဒီဇင်ဘာ ၂၄

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အမျိုးသမီးများ၏ အခန်းကဏ္ဍ အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

အသိပညာပေးဆွေးနွေးပွဲတွင် ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သူဇာစိုးနှင့် ညောင်ဦးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဆုမွန်ဦးတို့က တိရစ္ဆာန်များနှင့် အပင်အမျိုးမျိုးတို့၏ သက်ရှိဇီဝဆိုင်ရာအကြောင်းအချက်များ၊ သမိုင်း၊ ယဉ်ကျေးမှု၊ လူမှုရေးနှင့် ပသာဒအလှအပဆိုင်ရာအကြောင်းအချက်များ၊ ကျေးလက်နေအမျိုးသမီးများသည် လယ်လုပ်ခြင်း၊ ထင်းခွေခြင်း၊ ရေခပ်ရေသယ်ခြင်း၊ လောင်စာ၊ အစားအစာ၊ သစ်တော၊ ရေနှင့် မြေယာကဲ့သို့သော သဘာဝသယံဇာတများနှင့် တိုက်ရိုက်ထိတွေ့မှုများရှိပြီး ပတ်ဝန်းကျင်နှင့် ဂေဟစနစ်များအပေါ် ကောင်းစွာနားလည်ခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ၊ အမျိုးသမီးများရင်ဆိုင်ရသည့် ပတ်ဝန်းကျင်ဆိုင်ရာညစ်ညမ်းမှု များနှင့် အမျိုးသမီးနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ ဖွဲ့စည်းထားရှိမှု အကြောင်းတို့ကို အသိပညာပေးဆွေးနွေးကြကြောင်း သိရသည်။

ကိုဇော်(ဓာတု)




# ကန်ကြီးထောင့်မြို့နယ်၌ ကျောင်းအခြေပြု တီဘီရောဂါရှာဖွေကုသခြင်းနှင့် အာဟာရကျွေးမွေးခြင်းဆိုင်ရာ အသိပညာပေးဆွေးနွေး

ကန်ကြီးထောင့် ဒီဇင်ဘာ ၂၄

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ ကျောင်းအခြေပြု တီဘီရောဂါရှာဖွေကုသခြင်းနှင့် ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းဆိုင်ရာလုပ်ငန်းများ အသိပညာပေးဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်အောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးမှူး ဒေါက်တာခင်မာလွင်က ကျောင်းအခြေပြု တီဘီရောဂါကွင်းဆင်းရှာဖွေခြင်းလုပ်ငန်းစဉ်အဆင့်ဆင့်၊ သံသယလက္ခဏာများ၊ ကျန်းမာရေးဌာနမှ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ၊ ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ ကလေးများ၏ အနည်းဆုံးအာဟာရလိုအပ်ချက်များ၊ ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းနှင့်အတူ ဆောင်ရွက်ရမည့်လုပ်ငန်းများ စသည့် အကြောင်းအရာများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများ၏ မေးမြန်းမှုကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

ကျော်ဇင်စိုး(ပြန်/ဆက်)

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့

# တိုးတက်အောင်မြင်ပါစေ တပ်မတော်(ရေ)

**မောင်ရဲမျိုး**

Toll Gate ဝန်ထမ်းကပေးသော ပြေစာကို ကျွန်တော်လက်ထဲမှ ၅၀၀ ကျပ်တန်နှင့်လဲယူလိုက်ပြီး လီဗာကို အသာဖိနင်းလိုက်သည်။ တံတား အထက်ရှိ Slow Down ကို ကျော်သွားသည့်နောက် ကျွန်တော့်ကားကလေးမှာ မြားတစ်စင်းကပစ်လိုက်သလို လေဟုန်ကိုခွင်း၍ ပြေးထွက်သွားသည်။ ဒီဇင်ဘာလနောက်ဆုံးပတ်၏ နံနက်ခင်း လေအေးကို အရသာခံရင်း ကားမှန်များ ထပ်ချလိုက်ရာ အအေးဓာတ်၏ထိတွေ့မှုကို ပိုခံစားရသည်။

မကြာမီက ဖွင့်လှစ်ထားသော သန်လျင်-ရန်ကုန် အမှတ်(၃)တံတားပေါ်မှ အရှေ့ဘက်သို့ မျှော်ကြည့်လိုက်ရာ Star City မှ မိုးမျှော်တိုက်တာများကို တွေ့ရှိရသည်။ ပဲခူးမြစ်အတွင်း စီတန်းကျောက်ချထားသော ရေယာဉ်အသီးသီးကိုမြင်ရ၏။ နံနက်ခင်းစောစော ယာဉ်အသွားအလာရှင်းသဖြင့် တံတားအဆင်းသို့ တစ်ခဏအတွင်း ရောက်ရှိခဲ့သည်။ ယခင်က ရန်ကုန်မှ သန်လျင်သို့ သွားရာတွင် သန်လျင်အမှတ်(၁) တံတားကိုသာ အသုံးပြုခဲ့ကြရသည်။ အမှတ်(၂)တံတား (ကုလားဝဲတံတား)မှာ ကွန်တိန်နာကုန်တင်ယာဉ်များ သွားလာရန်အတွက် ဦးစားပေး ဖောက်လုပ်ထားခြင်းဖြစ်ပြီး ၎င်းတံတား အသုံးပြုပါက ခရီးရှည်မှုရှိပါသည်။ ထို့ကြောင့် သန်လျင်တံတားအမှတ်(၁) ကိုပင်အသုံးများကြရာ ယာဉ်ကြောကျပ်တည်းမှုဒုက္ခကို ခံစားကြရသည်။ တစ်ခါတစ်ရံ တံတားပေါ်တွင် ကားပျက်ပါက ယာဉ်ကြောပိတ်ဆို့ပြီး အခက်အခဲများစွာဖြစ်ကြရသည်။ ယခု သန်လျင်အမှတ်(၃)တံတား ပြီးစီးသွားပြီဖြစ်၍ ရန်ကုန်-သန်လျင်ကို လျင်မြန်ချောမွေ့စွာ သွားလာနိုင်ကြပြီဖြစ်သည်။ တာဝန်ရှိသူများ၏ ကြိုးပမ်းအားထုတ်မှုရလဒ် အသီးအပွင့်များပင် ဖြစ်ပေသည်။

တံတားအဆင်းမီးပွိုင့်ကို ကျော်လာသောအခါ သံဆူးကြိုးအတားအဆီးများနှင့် လုံခြုံရေးဂိတ်ကိုတွေ့ရ၏။ နာရီစင်မီးပွိုင့်ကျော်လာသောအခါ ညီညာဖြောင့်ဖြူးသောလမ်း၊ သန့်ရှင်းသပ်ရပ်ပြီး စိမ်းလန်းစိုပြည်နေသော လမ်းဘေးပတ်ဝန်းကျင်ကို သတိထားမိသည်။ မရောက်တာကြာပြီဖြစ်သော သန်လျင်မြို့သည် ကျွန်တော့်ကို တိုးတက်ပြောင်းလဲမှုများစွာဖြင့် ကြိုဆိုနေပါသည်။




တပ်မတော်(ရေ)မှ တည်ဆောက်ပြီးစီးခဲ့သည့် ၁၃၅ မီတာ ဖရီဂိတ်စစ်ရေယာဉ်ကြီး "သာလွန်မင်း" ရေချပေးခြင်း မင်္ဂလာအခမ်းအနား ကျင်းပစဉ်။

လူစည်ကားလွန်းသော အောင်ချမ်းသာကားဂိတ်တွင် ကားကိုဖြည်းဖြည်းသာ မောင်းနှင်လာခဲ့သည်။ မနက်စောစောတွင် သမုဒ္ဒရာဝမ်းတစ်ထွာအတွက် အေးချမ်းသာယာလုပ်ကိုင်စားသောက်နေကြသော ပြည်သူများကို ကြည့်၍ ဝမ်းသာပီတိဖြစ်မိ၏။ တရားဥပဒေစိုးမိုးရေးရှိမှသာ နယ်မြေဒေသအေးချမ်းမည်၊ နယ်မြေဒေသအေးချမ်းမှသာ ပြည်သူအများ စီးပွားရှာဖွေလုပ်ကိုင်စားသောက်နိုင်မည်မှာ ဒင်္ဂါးတစ်ပြား၏ ခေါင်းနှင့်ပန်းပမာ ဆက်စပ်နေပါသည်။

၁၈ ကုန်းထိပ်သို့ ရောက်သောအခါ ရွှေရောင်တဝင်းဝင်းနှင့် ကျိုက်ခေါက်စေတီတော်ကြီးကို နံနက်ခင်းနေရောင်အောက်တွင် သပ္ပာယ်စွာဖူးတွေ့ရသဖြင့် ကားစတီယာရင်ပေါ် လက်အုပ်ချီဦးချကန်တော့မိသည်။ ကျိုက်ခေါက်စေတီတော်ကြီးအနီး ကုန်းထိပ်မရောက်မီ ယာဘက်ခြမ်းကွက်လပ်တွင် ဘုရားပွဲတော်၌ ထည့်သွင်းကျင်းပမြဲဖြစ်သော ဇာတ်ရုံများဆောက်လုပ်ရာ ကွင်းပြင်ကြီးကိုတွေ့ရ၏။ ဆိပ်ကြီးရေတပ်လေ့ကျင့်ရေးကျောင်း ဌာနချုပ်တွင် စီမံခန့်ခွဲရေးအရာရှိငယ် သင်တန်းတက်ရောက်စဉ် ကျိုက်ခေါက်ဘုရားပွဲပွဲဈေးတန်းလျှောက်၊ ဘူးသီးကြော်ဆိုင်ထိုင်၊ ပွဲခင်းထဲပွဲဝင်ကြည့်ခဲ့ရသည်ကို ပြန်လည်မြင်ယောင်မိပါသည်။ အတိတ်အကြောင်း အတွေးနယ်ချဲ့မိ၏။ နှစ်ပေါင်း ၃၀ ကျော်ခဲ့ပြီ တပ်မတော်(ရေ)မှ အငြိမ်းစားယူခဲ့သည်ပင် ၁၀ နှစ်ရှိခဲ့ပါပြီ။

ဘုရားကုန်းဆင်းမီးပွိုင့်မှ ဝဲဘက်ကိုလှမ်းမျှော်ကြည့်လိုက်ရာ မြန်မာနိုင်ငံရေကြောင်းတက္ကသိုလ်သို့ သွားသောကားလမ်းကြီးကို မျက်စိတစ်ဆုံးလှမ်းတွေ့နေရသည်။ ယာဘက်တွင် အမှတ်(၁) ဆောက်လုပ်ရေးအင်ဂျင်နီယာတပ်သို့ သွားသောလမ်းဖြစ်သည်။ တပ်မတော်(ရေ) စီမံခန့်ခွဲရေးအရာရှိငယ်သင်တန်းတက်စဉ်က ယခုကဲ့သို့ ကားများ၊ ဆိုင်ကယ်များမပေါ်များမီ ကမ်းတက်ခွင့် (Liberty) နောက်ကျ၍ ဖယ်ရီကားမမီပါက လယ်ကွင်းများမှ ရေကန်များကိုဖြတ်ပြီး ဖန်ချက်စက်ရုံအနီး လမ်းမပေါ်သို့ထွက်ကာ ကားကြုံတားစီးခဲ့ရသည်။ ထိုအချိန်က များသောအားဖြင့် စက်ဘီးကယ်ရီများကို အားထားရသည်။ ကျိုက်ခေါက်ဘုရားကိုအရောက်သွား၍ ၎င်းမှ ကျောက်တန်းကား၊ သုံးခွကားများကို တိုးဝှေ့တွယ်ကပ်စီးကာ သန်လျင်သီတာဆိပ်သို့ ချီတက်ရသည်။ သီတာသင်္ဘောများဖြင့် ဗိုလ်တထောင်တန်းသို့သွားကာ နေအိမ်ဆီသို့ အဆင့်ဆင့် သွားခဲ့ကြရသည်။ ယခုတော့ အရာအားလုံးသည် အတိတ်မှာ ကျန်ခဲ့ပြီ။

လွန်ခဲ့သော ငါးရက်ခန့်က ကျွန်တော့်လက်ကိုင်ဖုန်းကို ဖုန်းတစ်ခုဝင်လာပြီး သန်လျင်တပ်နယ်မှ တာဝန်ရှိသူတစ်ယောက်က တပ်မတော်(ရေ)နေ့အခမ်းအနားသို့ တက်ရောက်နိုင်ခြင်းရှိ၊ မရှိ မေးခဲ့ပါသည်။ ကျွန်တော်က တက်ရောက်နိုင်ကြောင်း မဆိုင်းမတွ ပြန်ဖြေလိုက်ပါသည်။ တက်ရောက်နိုင်က ဖိတ်ကြားပါကြောင်း၊ အချိန်မီ ကြွရောက်ရန် ထပ်မံတင်ပြပါသည်။ ကျွန်တော်က အကျိုးအကြောင်းမေးကြည့်ရာ တပ်မတော်(ရေ)အတွက် အားသစ်လောင်းမည့်နေ့ဖြစ်၍ စစ်မှုထမ်းဟောင်းများအား တက်ရောက်ရန် ဆက်သွယ်ဖိတ်ကြားရခြင်း ဖြစ်ကြောင်း ပြည့်စုံစွာရှင်းပြပါသည်။ တပ်မတော်(ရေ)မှ အငြိမ်းစားယူပြီးဖြစ်သော်လည်း သန်လျင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်အနေဖြင့် ကျွန်တော့်ကို ဖိတ်ကြားခြင်းဖြစ်ကြောင်း သိလိုက်ရသည်။ ဂုဏ်ယူကျေနပ်လည်း ဖြစ်မိပါသည်။ တပ်မတော်(ရေ)မှ တာဝန်ရှိသူများကိုလည်း ကျေးဇူးတင်မိသည်။

ကျွန်တော်တို့ ငယ်စဉ်က ဟောင်းနွမ်းနေခဲ့သော သန်လျင်-သီလဝါသွား ကားလမ်းနံဘေးရှိ ဖန်ချက်စက်ရုံမှာ ယခုအခါ သစ်သစ်လွင်လွင်နှင့် နိုင်ငံ့တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နေကြောင်း တွေ့ရှိရပါသည်။ ဖန်ချက်စက်ရုံကျော်လာတော့ ရိုးပြတ်များနှင့် လယ်ကွင်းများကိုတွေ့ရသည်။ အချို့လယ်ကွင်းများမှာ နွေစပါးစိုက်ပျိုးရန်အတွက် ပြင်ဆင်နေကြသည်ကို ဟိုတစ်ကွက် ဒီတစ်ကွက်တွေ့နေရသည်။ စိုက်ပျိုးရေးကို အဓိကထားသော နိုင်ငံဖြစ်သည့်အားလျော်စွာ စိုက်ပျိုးနိုင်ရန် စီမံဆောင်ရွက်ပေးနေသော နိုင်ငံတော်အစိုးရကို ကျေးဇူးတင်မိသည်။ မည်သည့်အစိုးရတက်တက် မိမိတာဝန်ကျေပွန်ရမည်၊ မိမိအလုပ် မိမိလုပ်ရမည်ဖြစ်ပါသည်။

ဆောင်းလေနှင့်အတူ ပျံ့ဝဲလာသည့် ရိုးပြတ်ရနံ့ကိုရှူရှိုက်ရင်း ဆိပ်ကြီးရေတပ်လေ့ကျင့်ရေးဌာနချုပ်သို့ သွားရာလေးခွဆုံလမ်းမှတစ်ဆင့် MITT နှင့် ရေတပ်သင်္ဘောကျင်း ဌာနချုပ်သို့ သွားရာ သုံးခွဆုံလမ်းခွဲကိုကျော်လာသည်။ ပြင်ပမိတ်ဆွေများ ရေတပ်သို့လာရောက်လည်ပတ်ပါက မကြာခဏလမ်းမှားပြီး MITT သို့ ရောက်သွားတတ်သည့်နေရာဖြစ်သည်။ လမ်းဆုံကျော်ပြီး MITT သို့သွားသည့် ရထားလမ်းကို အရှိန်နှေးနှေးဖြင့် ဖြတ်ကျော်လိုက်သည်။ ငယ်စဉ် ဆိပ်ကြီးတွင် သင်တန်းတက်စဉ်က သန်လျင်ဘက်အပြန်ကားကြုံမရှိသောကြောင့် ရထားကိုတားစီး၍ အကြုံလိုက်ခဲ့ဖူးသည်ကို သတိရမိပါသည်။

တပ်မတော်(ရေ)တွင် အမျိုးသမီးအရာရှိ၊ စစ်သည်များကို ခန့်အပ်တာဝန်ပေးလာကြောင်း မြင်တွေ့ကြားသိနေရပါသည်။ ကျွန်တော်တို့တပ်ထဲရောက်စ တပ်မတော်(ရေ)တွင် အမျိုးသမီးအရာရှိ၊ စစ်သည်များ တာဝန်ထမ်းဆောင်သည်ကို တွေ့ရှိရပါသည်။ အဆိုပါအမျိုးသမီးအရာရှိများ၏ စည်းကမ်းလိုက်နာမှု၊ စနစ်တကျရှိမှုတို့ကို ကိုယ်တိုင်ကြုံခဲ့ပါသည်။ တပ်မတော်(ရေ)စီမံခန့်ခွဲရေးအရာရှိငယ်သင်တန်းဆင်း၍ ဗျူဟာစစ်ရေယာဉ်စု လက်အောက်ခံစစ်ရေယာဉ်တွင် တွဲဖက်အရာရှိအဖြစ် တာဝန်ထမ်းဆောင်စဉ် စစ်ရေယာဉ်မှူး၏ တာဝန်ပေးအပ်မှုအရ ဗိုလ်အောင်ကျော်ဆိပ်ကမ်းရှိ ရေတပ်ပင်မတိုင်းတာရေးတပ်၊ ငွေစာရင်းဌာန (ယခင် Mayo Marine Club)တွင် စစ်သည်များ၏ လစာသွားထုတ်စဉ်က ဖြစ်ပါသည်။ ကျွန်တော်တို့ စစ်ရေယာဉ်များမှ လစာလာထုတ်ကြရာ ငွေစာရင်းအရာရှိထံတွင် အစဉ်လိုက်တန်းစီဝင်တွေ့ပြီး လစာထုတ်ကြရပါသည်။ ကျွန်တော့်ရှေ့က စီနီယာဗိုလ်ကြီးတစ်ယောက်အား ငွေစာရင်းအရာရှိက ဆူပူနေသည်ကို အခန်းအပြင်မှ ကျွန်တော်အတိုင်းသားကြားနေရပြီး ခြေဖျားလက်ဖျားပင် အေးစက်နေပါသည်။ မျက်နှာမသာမယာနှင့် ဗိုလ်ကြီးထွက်သွားသောအခါ ကျွန်တော် ဖြောင်းခနဲသတိမတ်နေအောင်ဆွဲ၍ စမတ်ကျကျအလေးပြုပြီး ဝင်ခွင့်ပြုရန်တောင်းလိုက်ပါသည်။ ဗိုလ်မှူးဝတ်စုံနှင့် ငွေစာရင်းအရာရှိက ကျွန်တော့်ကို မျက်လုံးတစ်ချက်လှန်ကြည့်ပြီး ကျွန်တော့်စိစစ်ရေးကတ်ကိုတောင်းယူကာ စစ်သည်လစာစာရင်း တောင်းခံလွှာနှင့် တိုက်ဆိုင်ကြည့်ပါသည်။ ကျွန်တော်ကပဲ စမတ်ကျကျ အလေးပြုလိုက်လို့ပဲလား မပြောတတ်ပါ။ ဘာမှထွေထွေထူးထူး ပြောမနေတော့ဘဲ လစာများထုတ်ပေးလိုက်ပါသည်။ ကျွန်တော်လစာများယူပြီး အမြန်ပြန်ထွက်ရန်ပြင်လိုက်စဉ် စိစစ်ရေးကတ်ထဲကလက်မှတ်နှင့် အပြင်ကလက်မှတ်တူအောင်ထိုးရန် လှမ်းသတိပေးလိုက်ရာ ကျွန်တော်က သတိဆွဲပြီး "ဟုတ်" ဟု အကျယ်ကြီးအော်ဖြေပြီး အခန်းအပြင်သို့ သုတ်ခြေတင်လိုက်ပါသည်။ နောက်မှစုံစမ်းကြည့်ရာ အဆိုပါငွေစာရင်းအရာရှိမှာ ဗိုလ်မှူးဒေါ်ခင်စန်းသွင်ဖြစ်ကြောင်း၊ စည်းကမ်းအလွန်ကြီးကြောင်း၊ ခင်ပွန်းဖြစ်သူမှာလည်း တပ်မတော်(ရေ)မှပင် ဒုတိယဗိုလ်မှူးကြီးသန်းထိုက် (ယခု အငြိမ်းစား) ဖြစ်ကြောင်း စသည်ဖြင့်ကြားသိရပါသည်။

**တပ်မတော်(ရေ)၏အမြုတေဖြစ်သော ဗမာပြည်ဘုရင့်အပျော်တမ်းရေတပ် (Burma Royal Navy Volunteer Reserve –BRNVR) ကို ၁၉၄၀ ပြည့်နှစ် ဇွန်လနှောင်းပိုင်းတွင် စတင်ဖွဲ့စည်းခဲ့စဉ်က ရေတပ်ဆိုင်ရာစက်မှုလက်မှုတပ်ခွဲ (Coastal Force Work Shop) အမည်ဖြင့် သိမ်ဖြူလမ်းနှင့် ကမ်းနားလမ်းထောင့်(ယခုမြန်မာ့ဆိပ်ကမ်းအာဏာပိုင် သိမ်ဖြူသင်္ဘောကျင်း)နေရာတွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။ ၁၉၄၉ ခုနှစ်တွင် ရေတပ်အခြေစိုက်စက်မှုလက်မှုအလုပ်ရုံ (Naval Base Engineering Work Shop) အမည်ဖြင့် သိမ်ဖြူလမ်းအလုပ်ရုံမှ ယခုလက်ရှိတည်နေရာသို့ ပြောင်းရွှေ့ခဲ့ပါသည်။ ၁၉၅၆ ခုနှစ် ရေတပ်တိုင်းစစ်ဌာနချုပ်များတိုးချဲ့ဖွဲ့စည်းရာတွင် အထောက်အကူပြုလက်ရုံးတပ်များအဖြစ် ရေတပ်စက်မှုလက်မှုတပ်၊ ဆင်မလိုက်သင်္ဘောကျင်းတပ်ဖွဲ့လည်း ပါဝင်ခဲ့ပါသည်။ လက်ရှိတပ်နေရာကိုလည်း တိုးချဲ့ဖွဲ့စည်းခဲ့ပါသည်**

စာမျက်နှာ ၉ သို့ ☆

✰ စာမျက်နှာ ၈ မှ

အမျိုးသမီးတို့၏ သဘောသဘာဝနှင့်ကိုက်ညီသော လုပ်ငန်းတာဝန်များ တပ်မတော်(ရေ)တွင် အများကြီးရှိပါသည်။ ကျွန်တော့်နောင်တော်ကြီး ရေတပ်ပင်မတိုင်းတာရေးတပ် တပ်မှူးကြီးကလည်းပြောဖူးပါသည်။ သူ့တပ်တွင် အမျိုးသမီးအရာရှိ၊ စစ်သည်များ ခန့်အပ် တာဝန်ပေးအပ်ထားကြောင်း၊ အသုံးတည့်အားကိုးရကြောင်း၊ အထူးသဖြင့် စိတ်ရှည်ရှည်နှင့် ဇွဲရှိရှိ လုပ်ရသော ပုံဆွဲ(Carto) လုပ်ငန်း၊ ENC(Electronic Navigation Chart–ENC) အီလက်ထရောနစ် ရေပုံရေးဆွဲခြင်းလုပ်ငန်းများ၊ ဒီရေတွက်ချက်သည့် လုပ်ငန်းများတွင် တည်ငြိမ်စွာအချိန်ပေး လုပ်ကိုင်ကြကြောင်း၊ အချိန်ပေးအာရုံစိုက်မှုမှာ အမျိုးသားစစ်သည်များနှင့်ကွာကြောင်း ပြောကြားပါသည်။ မည်သူမဆို သင့်တော်သည့်တာဝန်ပေးအပ်ပါက တိုးတက်အောင်မြင်မှုရရှိမည်မှာ မလွဲဧကန်ဖြစ်ပါသည်။

စစ်ဆေးရေးဂိတ်အလွန် ပတ်ဝန်းကျင်မှာ ဖြောင့်ဖြူးညီညာသော ကားလမ်းမ၊ ပြန့်ပြူးသောလမ်းပခုံးနှင့် ပန်းရစ္စာစိုက်ပျိုးထားသော ထန်းပင်တန်းကို မျက်စိတစ်ဆုံးမြင်တွေ့ရပါသည်။ ကျွန်တော် တပ်ကအငြိမ်းစားယူစဉ်က အပင်ပေါက်ဘဝသာ ရှိသေးသော ထန်းပင်များမှာ ယခုအခါ မော့ကြည့်ရသည့် အနေအထားရောက်နေပါပြီ။ နံနက်ခင်းနေရောင်အောက်တွင် ဝေဖြာနေသောထန်းလက်များမှာ ကြည့်၍ပင်ကောင်းနေသေးတော့သည်။ ကားလမ်း၏ဝဲဘက်ခြံစည်းရိုးအတွင်း ဂေါက်ကွင်း Green ခုံကိုတွေ့လိုက်ရ၍ ဘရိတ်ကိုပင်ယောင်မှားနင်းမိပါသည်။ စိမ်းစိုနေသော Fair Way နှင့် Green ခုံအလယ်မှ အလံတိုင် နှစ်တိုင်မှာ ကျွန်တော့်ကို လက်ယပ်ခေါ်နေသည့်နှယ်။ ယခင်က ဖျိုက်တော၊ ပရုန်းတောဖြင့် ဖုံးအုပ်နေသည့်နေရာတွင် စိမ်းစိုနေသော ဂေါက်ကွင်းက နေရာယူနေပြီဖြစ်ပါသည်။

အတွေးစများဖြင့် ဆက်လက်မောင်းနှင်လာခဲ့ရာ အခမ်းအနားကျင်းပသည့်နေရာသို့ ရောက်ရှိလာပါတော့သည်။ ရေတပ်သင်္ဘောကျင်းဌာနချုပ်အတွင်း မောင်းဝင်လိုက်သည်နှင့် သစ်ပင်၊ ပန်းပင်များ ဝေဝေဆာဆာနှင့် စိမ်းလန်းစိုပြည်ရှိလှပါသည်။ လမ်းဘေးရေကန်များတွင် ကြာပန်းများနှင့် ရေပျော်ငှက်များ၊ ဗျိုင်းများက အုပ်လိုက်အစာရှာနေကြသည်မှာ ကြည့်၍ပင်ကောင်းတော့သည်။ ဌာနချုပ်ပင်မဂိတ်သို့ လှမ်းကွေ့လိုက်စဉ် ဗဟိုကင်းမှ “အလေးပြု”ဆိုသည့် အမိန့်သံကြောင့် ကျွန်တော့်ညာလက်မှာလည်း အလိုလိုအလေးပြုမိပါသည်။ ဗဟိုကင်းမှာ လမ်းနှင့် အနည်းငယ်ကွာလှမ်းနေ၍ ကျွန်တော့်အား အရာရှိထင်ကာ အလေးပြုလိုက်ခြင်း ဖြစ်ပါသည်။ အငြိမ်းစားယူခဲ့သည်မှာ ၁၀ နှစ်ကျော်ခန့်ရှိပြီဖြစ်သော်လည်း အလိုလို အလေးပြုမိလျက်သား ဖြစ်ခဲ့သည်။ ထို့ကြောင့်ပင် **“တစ်ကြိမ်စစ်သားဖြစ်ဖူးသူသည် အမြဲထာဝရစစ်သားဖြစ်သည်” (Once a Soldier, Always a Soldier)** ဟု မှတ်ချက်ပြုခဲ့ကြခြင်းပင် ဖြစ်ပါသည်။

**“ရွှေနိုင်ငံ” ဟု တင်စားခဲ့ကြသော ကျွန်တော်တို့နိုင်ငံသည် ရေမိုင်ပေါင်း ၁၂၆၀ ကျော် ရှည်လျားသော ကမ်းရိုးတန်းနှင့် စတုရန်းရေမိုင်ပေါင်း ၁၄၀၀၀၀ ကျော် ရေပြင်ဧရိယာကို ပိုင်ဆိုင်ထားပါသည်။ ရေပေါ်ရေအောက် သယံဇာတများပေါကြွယ်ဝသည့်အပြင် ကျွန်းကြီး၊ ကျွန်းငယ်များ၊ လှပသောပင်လယ်ကမ်းခြေများ၊ အဖိုးတန်ရေနက်ဆိပ်ကမ်းများကို ပိုင်ဆိုင်ထားပါသည်။ ထို့ပြင် ကမ္ဘာ့ကုန်သွယ်ရေးလမ်းကြောင်းတွင် အဓိကကျသည့် အိန္ဒိယသမုဒ္ဒရာ၏အစိတ်အပိုင်းများဖြစ်သော ဘင်္ဂလားပင်လယ်အော်နှင့် ကပ္ပလီပင်လယ်အော်တို့ကို အချက်အချာကျကျ စိုးမိုးထားသော ပထဝီတည်နေရာတွင် တည်ရှိနေပါသည်။ ကမ္ဘာ့ကုန်သွယ်ရေးလမ်းကြောင်းတွင် အရေးပါသော မလက္ကာရေလမ်းကြောင်းအနီးတွင် တည်ရှိသည့်အပြင် ပရိပဲရစ်ရေလမ်းကြောင်း၊ ကိုကိုးရေလမ်းကြောင်းစသည့် ရေလမ်းကြောင်းတို့ကို ပိုင်ဆိုင်ထားသောကြောင့် ထိန်းချုပ်ပွိုင့်များ (Choke Points) ကိုလည်း ပိုင်ဆိုင်ထားပါသည်။ ထို့ကြောင့် မြန်မာ့ပင်လယ်ပြင်ကို “ရွှေနိုင်ငံ၏ ရွှေပင်လယ်” ဟုပင် တင်စားထိုက်**

ရေတပ်သင်္ဘောကျင်း ဌာနချုပ် **“တည်ဆောက်ပြုပြင် ဆန်းသစ်လွင်”** သူတို့၏ ဘူမိနက်သန် နေရာမှန်ကို ခြေချမိသည့်မြင်ကွင်းအားလုံး လုံးဝပြောင်းလဲသွား၍ မြင်မြင်သမျှရင်သပ်ရှုမောရပါသည်။ တပ်ထိန်းစစ်သည်များ ညွှန်ပြသည့် လမ်းကြောင်းအတိုင်း မောင်းနှင်သွားရာ စစ်ရေယာဉ်များ လွန်းတင်ရာ လွန်းလမ်းများတွင် လွန်းတင်ပြုပြင်နေသော ရေယာဉ်အသီးသီးကို စနစ်တကျ မြင်တွေ့ရပါမည်။

ကားရပ်ရန် သတ်မှတ်နေရာတွင် ကားကိုရပ်ထားခဲ့ပြီးနောက် အခမ်းအနားကျင်းပမည့်နေရာသို့ လျှောက်လှမ်းလာခဲ့သည်။ အခမ်းအနားကျင်းပမည့် တံတားထိပ်မုခ်ဦးတွင် ရေးထိုးထားသော **“၁၃၅ မီတာ ဖရီဂိတ်စစ်ရေယာဉ်ကြီး အမည်ပေးခြင်းနှင့် ရေချပေးခြင်းအခမ်းအနား”**ဟူသည့် စာသားအောက်တွင် အမည်ပေး ရေချမည့် ဖရီဂိတ်စစ်ရေယာဉ်ကြီးကို နေရောင်အောက်တွင် ခံ့ညားထည်ဝါ ဂုဏ်ယူဖွယ်ရာ လှမ်းတွေ့ရပေသည်။ ဤသို့ အချိုးကျပြေပြစ်သည့် ဖရီဂိတ်စစ်ရေယာဉ်ကြီးကို ကိုယ်တိုင်ဒီဇိုင်းရေးဆွဲတည်ဆောက်ခဲ့ကြသည့် မိမိတို့၏ စက်မှုလက်မှု အရာရှိ စစ်သည်များကို လေးစားဂုဏ်ယူဖြစ်မိပါသည်။

မဏ္ဍပ်အတွင်း သတ်မှတ်နေရာသို့ရောက်သောအခါ အနည်းငယ်စောနေသဖြင့် ကျွန်တော့် လုပ်ဖော်ကိုင်ဖက်ဖြစ်ခဲ့ဖူးသူ စီနီယာ၊ ဂျူနီယာ အရာရှိများအား သွားရောက်နှုတ်ဆက်မိပါသည်။ အားလုံးပါးစပ်ဖျား၌ ရေချတော့မည့် အသစ်စက်စက် တပ်မတော်(ရေ)၏ အကြီးဆုံး ဖရီဂိတ်စစ်ရေယာဉ်ကြီး အကြောင်းပင်ဖြစ်တော့သည်။ အားလုံးကိုယ်စီမျက်နှာတွင် ဂုဏ်ယူမှု၊ လေးစားမှု၊ အားရကျေနပ်မှုများ ရောပြွမ်းနေသည်ကို အထင်းသားမြင်တွေ့နေရပါသည်။ မဏ္ဍပ်အတွင်း LED Board ၌ မကြာမီ ရေချတော့မည့် ဖရီဂိတ်စစ်ရေယာဉ်ကြီး တည်ဆောက်ခဲ့မှု သမိုင်းကြောင်းနှင့် ရေတပ်သင်္ဘောကျင်း ဌာနချုပ်မှ တည်ဆောက်ပြီးခဲ့သော စစ်ရေယာဉ်များအကြောင်းကို စိတ်ဝင်စားဖွယ် ပြသနေပါသည်။

တပ်မတော်(ရေ)၏ အမြုတေဖြစ်သော ဗမာပြည်ဘုရင့်အပျော်တမ်းရေတပ် (Burma Royal Navy Volunteer Reserve –BRNVR)ကို ၁၉၄၀ ပြည့်နှစ် ဇွန်လနှောင်းပိုင်းတွင် စတင်ဖွဲ့စည်းခဲ့စဉ်က ရေတပ်ဆိုင်ရာ စက်မှုလက်မှုတပ်ခွဲ (Coastal Force Work Shop) အမည်ဖြင့် သိမ်ဖြူလမ်းနှင့် ကမ်းနားလမ်းထောင့် (ယခုမြန်မာ့ဆိပ်ကမ်းအာဏာပိုင် သိမ်ဖြူသင်္ဘောကျင်း) နေရာတွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။ ၁၉၄၉ ခုနှစ်တွင် ရေတပ်အခြေစိုက်စက်မှုလက်မှုအလုပ်ရုံ (Naval Base Engineering Work Shop) အမည်ဖြင့် သိမ်ဖြူလမ်း အလုပ်ရုံမှ ယခုလက်ရှိတည်နေရာသို့ ပြောင်းရွှေ့ခဲ့ပါသည်။ ၁၉၅၆ ခုနှစ် ရေတပ်တိုင်းစစ်ဌာနချုပ်များ တိုးချဲ့ဖွဲ့စည်းရာတွင် အထောက်အကူပြု လက်ရုံးတပ်များအဖြစ် ရေတပ်စက်မှုလက်မှုတပ်၊ ဆင်မလိုက်သင်္ဘောကျင်းတပ်ဖွဲ့လည်း ပါဝင်ခဲ့ပါသည်။ လက်ရှိတပ်နေရာကိုလည်း တိုးချဲ့ဖွဲ့စည်းခဲ့ပါသည်။ ပထမဦးဆုံးသော တပ်မှူးမှာ ဗိုလ်မှူးသိန်းဟံ ဖြစ်ပါသည်။ ၁၉၆၁–၁၉၆၂ ခုနှစ်တွင် ရေတပ်စက်မှုလက်မှုတပ်မှ ရေတပ်ပင်မစက်မှုလက်မှုတပ် (ဒုတိယဗိုလ်မှူးကြီးအဆင့်) အဖြစ် ပြင်ဆင်ဖွဲ့စည်းပြီး ပထမဦးဆုံးသောတပ်မှူးမှာ ဒုတိယဗိုလ်မှူးကြီး ကျော်အောင် ဖြစ်ပါသည်။

တပ်မတော်(ရေ)တွင် စစ်ရေယာဉ်များ တိုးတက်များပြားလာသဖြင့် နှစ်စဉ်လွန်းတင်ရမည့် အရေအတွက်များပြားလာခြင်း၊ ဖရီဂိတ်စစ်ရေယာဉ်ကြီးများ တည်ဆောက်ရန် လိုအပ်လာခြင်းတို့ကြောင့် ယခုလက်ရှိနေရာတွင် ခေတ်မီသင်္ဘောကျင်းတစ်ခု တည်ဆောက်ရန် ထိုစဉ်အချိန်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၂–၁–၁၉၉၉ ရက်တွင် စတင်ဆောင်ရွက်ခဲ့ရာ ၂–၂–၂၀၀၂ ရက်တွင် လွှဲပြောင်းလက်ခံခဲ့ပြီး ၂၂–၂–၂၀၀၂ ရက်တွင် ဖွင့်လှစ်ခဲ့ပါသည်။ ရေတပ်သင်္ဘောကျင်း ဌာနချုပ်ကိုလည်း အဆင့်ဆင့်တိုးချဲ့ ပြင်ဆင်ဖွဲ့စည်းခဲ့ရာ ၇–၁၁–၂၀၀၈ ရက်တွင် နောက်ဆုံးပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ပထမဦးဆုံးဌာနချုပ်မှူးမှာ ဗိုလ်ချုပ်ပေါ်ထွန်း ဖြစ်ပါသည်။

ယခင်က တန်ချိန်ရာဂဏန်းမျှသာ လွန်းတင်ပြင်ဆင် တည်ဆောက်နိုင်ရာမှ ယခုအခါ တန်ချိန်ထောင်ချီသော လွန်းကျင်းမှ ဖရီဂိတ်စစ်ရေယာဉ်ကြီးများအား တည်ဆောက်ရေချနိုင်ရန် စီမံဆောင်ရွက်လျက်ရှိသည်ဟု ကြားသိရပါသည်။ ယခု ရေချခဲ့သည့် ဖရီဂိတ်စစ်ရေယာဉ်ကြီးကို စစ်ရေယာဉ်များ ပင်လယ်ပြင် တပ်ပေါင်းစုလေ့ကျင့်ခန်း ပြုလုပ်ရာသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တက်ရောက်ကြည့်ရှုစစ်ဆေးချိန်တွင် တည်ဆောက်ရန်လမ်းညွှန်မှာကြားခဲ့ကြောင်း LED Board တွင် ပြသနေသည်ကို မြင်တွေ့ရပါသည်။

အမှန်အားဖြင့် **“ရွှေနိုင်ငံ”** ဟု တင်စားခဲ့ကြသော ကျွန်တော်တို့နိုင်ငံသည် ရေမိုင်ပေါင်း ၁၂၆၀ ကျော် ရှည်လျားသော ကမ်းရိုးတန်းနှင့် စတုရန်းရေမိုင်ပေါင်း ၁၄၀၀၀၀ ကျော် ရေပြင်ဧရိယာကို ပိုင်ဆိုင်ထားပါသည်။ ရေပေါ်ရေအောက်သယံဇာတများ ပေါကြွယ်ဝသည့်အပြင် ကျွန်းကြီး၊ ကျွန်းငယ်များ၊ လှပသော ပင်လယ်ကမ်းခြေများ၊ အဖိုးတန် ရေနက်ဆိပ်ကမ်းများကို ပိုင်ဆိုင်ထားပါသည်။ ထို့ပြင် ကမ္ဘာ့ကုန်သွယ်ရေး လမ်းကြောင်းတွင် အဓိကကျသည့် အိန္ဒိယသမုဒ္ဒရာ၏ အစိတ်အပိုင်းများဖြစ်သော ဘင်္ဂလားပင်လယ်အော်နှင့် ကပ္ပလီပင်လယ်အော်တို့ကို အချက်အချာကျကျ စိုးမိုးထားသော ပထဝီတည်နေရာတွင် တည်ရှိနေပါသည်။ ကမ္ဘာ့ကုန်သွယ်ရေး လမ်းကြောင်းတွင် အရေးပါသော မလက္ကာ ရေလမ်းကြောင်းအနီးတွင် တည်ရှိသည့်အပြင် ပရိပဲရစ်ရေလမ်းကြောင်း၊ ကိုကိုးရေလမ်းကြောင်း စသည့် ရေလမ်းကြောင်းတို့ကို ပိုင်ဆိုင်ထားသောကြောင့် ထိန်းချုပ်ပွိုင့်များ (Choke Points) ကိုလည်း ပိုင်ဆိုင်ထားပါသည်။ ထို့ကြောင့် မြန်မာ့ပင်လယ်ပြင်ကို **“ရွှေနိုင်ငံ၏ ရွှေပင်လယ်”**ဟုပင်တင်စားထိုက်ပေသည်။

ရွှေပင်လယ်၏ တန်ဖိုးကြီးမားမှုကို အလေးထားသော တပ်မတော်အကြီးအကဲက စစ်ရေယာဉ်များကို ကိုယ်တိုင်တည်ဆောက်ရန် လမ်းညွှန်မှုပြုခဲ့ပါသည်။ **“ပြည့်အင်အားသည် ပြည်တွင်းမှသာရှိသည်”** ဟူသော ဆောင်ပုဒ်နှင့်အညီ နိုင်ငံတကာ စံချိန်စံညွှန်းမီ စစ်ရေယာဉ်များကို ကိုယ်ပိုင်ဒီဇိုင်းများရေးဆွဲတည်ဆောက်ရန် တွန်းအားပေးခဲ့သည်။ လိုအပ်သည်များ ပံ့ပိုးကူညီခဲ့သည်။ ထို့ကြောင့် အမျိုးအစားစုံလင်သော စစ်ရေယာဉ်များကို လျင်မြန်စွာရေးခင်း၊ တည်ဆောက်၊ ရေချ၊ တပ်တော်ဝင်ခြင်းများ ဆောင်ရွက်နေသည်ကို မြင်တွေ့ကြားသိနေပေသည်။ **“ဝယ်ယူအသုံးပြုသူမှ တည်ဆောက်သူ (Buyer to Builder)”** အဖြစ်သို့ ပြောင်းလဲလာခဲ့ပြီဖြစ်ပြီး နိုင်ငံတော်ဘဏ္ဍာငွေကိုများစွာ ခြိုးခြံချွေတာနိုင်ခဲ့ပါသည်။

အခမ်းအနား အစီအစဉ်အရ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ဖရီဂိတ်စစ်ရေယာဉ်ကြီးကို အမည်ပေးခြင်းမင်္ဂလာ ဆောင်ရွက်ပေးပြီး ဤစစ်ရေယာဉ်ကြီးနှင့်တကွ စစ်ရေယာဉ်ကြီးနှင့်အတူ လိုက်ပါတာဝန်ထမ်းဆောင်သူများအားလုံး ဘေးအန္တရာယ်ကင်းစွာဖြင့် သက်တမ်းပြည့် တာဝန်ထမ်းဆောင်နိုင်စေရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း မြွက်ကြားပြီးနောက် တစ်ခဲနက်ထွက်ပေါ်လာသော ကောင်းချီးသြဘာသံများက ဘဝဂ်တိုင်ရောက်ရှိသွားပါသည်။

မင်္ဂလာအချိန်တွင် တပ်မတော်အကြီးအကဲက ဖရီဂိတ်စစ်ရေယာဉ်ကြီးကို ရေတပ် ထုံးတမ်းစဉ်လာအတိုင်း ရေချပေးပါသည်။ မီးရှူးမီးပန်းများ ပစ်လွှတ်ခြင်း၊ မိုးပျံပူပေါင်းများ လွှတ်တင်ခြင်း၊ တပ်မတော်(ရေ) စစ်တီးဝိုင်းမှ တီးမှုတ်ခြင်းတို့သည် တစ်ပြိုင်တည်း မြိုင်မြိုင်ဆိုင်ဆိုင် ထွက်ပေါ်လာပါသည်။ တစ်ချိန်တည်းတွင် လွန်းကျင်းများမှ Winch များကလည်း ရေယာဉ်ကြီးကို ရေချရန် အောက်သို့တဖြည်းဖြည်း နိမ့်ဆင်းသွားပါသည်။ ပရိသတ် လက်ခုပ်သြဘာသံများကြားတွင် နီ၊ စိမ်း၊ ဝါ သုံးရောင်ခြယ် Colour Smoke တို့ကလည်း ရေယာဉ်ကြီးကို ကျက်သရေတိုးစေပါသည်။

ဆက်လက်၍ ရေယာဉ်ကြီး တည်ဆောက်ရေးတွင် ပါဝင်ခဲ့ကြသော အရာရှိ/ စစ်သည်များအား တပ်မတော်အကြီးအကဲက နှုတ်ဆက်အားပေးခြင်း၊ ဂုဏ်ပြုလက်ဆောင် ပေးအပ်ခြင်းတို့ကို တွေ့မြင်ရပေသည်။ တပ်မတော်အကြီးအကဲကိုယ်တိုင် လှိုက်လှိုက်လှဲလှဲ အားပေးချီးမြှင့်မှုကြောင့် အရာရှိ/ စစ်သည်အပေါင်း၏ ပင်ပန်းနွမ်းနယ်မှုများမှာ ပိန်းကြာရွက်တွင် ရေမတင်သကဲ့သို့ ရှိကြပြီး နောင်ဆက်လက် တည်ဆောက်ထုဆစ်မည့် စစ်ရေယာဉ်အသစ်များအတွက် ခွန်အားများ ဆပွားတိုးတက်စေကြောင်း ထင်ရှားစွာတွေ့မြင်နေရပါသည်။

အခမ်းအနားပြီးဆုံးချိန် ကျွန်တော်တို့စစ်မှုထမ်းဟောင်းများသည် စုပေါင်းကားဖြင့် ဆက်လက်ပြုလုပ်မည့် တပ်တော်ဝင်စစ်ရေယာဉ်များ အခမ်းအနားကျင်းပမည့် အမှတ်(၁)ဗျူဟာ စစ်ရေယာဉ်စု ဆိပ်ခံတံတားသို့ ဦးတည်ထွက်ခွာခဲ့ကြပါသည်။

အခမ်းအနားကျင်းပမည့် ရေတပ်ဆိပ်ခံတံတားထိပ်မုခ်ဦးတွင် **“ရေငုပ်သင်္ဘောတိုက်ဖျက်ရေး စစ်ရေယာဉ်နှစ်စင်း တပ်တော်ဝင်အခမ်းအနား”** ဟူ၍ ရေးထားသည့်စာသားကို တွေ့မြင်ရပါသည်။ **စာမျက်နှာ ၁၀ သို့** ✰

✰ စာမျက်နှာ ၉ မှ

ရေတပ်၏ ရေပေါ်ရန်၊ ရေအောက်ရန်၊ ဝေဟင်ရန်နှင့် အီလက်ထရောနစ်ရန် ဟူသော စစ်ဆင်ရေးနယ်ပယ်လေးရပ်တွင် ရေအောက်ရန်စွယ်များ ချေမှုန်း သုတ်သင်ရန်အတွက် ယခုကဲ့သို့ အမျိုးအစား စစ်ရေယာဉ်များကို တည်ဆောက် တပ်တော်ဝင်ခြင်းဖြစ်ကြောင်း နားလည်ရပါသည်။

နယ်ပယ်လေးရပ်စလုံး အတွက် အချိုးအစားညီမျှသော စစ်ရေယာဉ်များကို ရေတို၊ ရေရှည်စီမံကိန်းများ ရေးဆွဲ အကောင်အထည်ဖော် နေမည်မှာ မုချမသွေ ဖြစ်ပါသည်။ သို့မှသာ မြန်မာ့ပင်လယ်ပြင်မှ ချင်းနင်းဝင်ရောက်လာမည့် ကျူးကျော်ရန်စွယ်များကို ဟန့်တားကာကွယ်နိုင်မည် ဖြစ်ပါသည်။

မဏ္ဍပ်အတွင်း စောင့်ဆိုင်းနေစဉ် တသုန်သုန် တိုက်ခတ်နေသော မြောက်ပြန်လေနှင့်အတူ အရောင်အသွေးစုံလင်သော ဌာနချုပ်၊ တပ်၊ ဗျူဟာစစ်ရေယာဉ်စုများ၊ တပ်များ၏ အလံများ၊ တပ်တော်ဝင်ပြုလုပ်မည့် ရေယာဉ်များတွင် တပ်ဆင်သွယ်တန်းထားသည့် အလံများသည် တလူလူ လွင့်ပျံနေသည်မှာ ကြည့်၍ပင် ကောင်းသေးတော့၏။ တပ်မတော်(ရေ) စစ်တီးဝိုင်းကလည်း ကျွန်တော်တို့အတွက် မရိုးနိုင်ပါ။ တပ်မတော်(ရေ) သီချင်းများတီးမှုတ်နေရာ စစ်သွေးစစ်မာန်များ နိုးကြားစေပါသည်။ တံတားတွင် ဆိုက်ကပ်ချည်နှောင်ထားသော စစ်ရေယာဉ်များကလည်း ဦးတကြွကြွဖြင့် ပေးအပ်မည့်တာဝန်ကို ဦးဆွေးဆံမြည့်ထမ်းဆောင်ရန် ငံ့လင့်နေသည့်အလား ထင်မှတ်မှားရပါသည်။

သတိပေးစစ်ခရာမှုတ်သံနှင့်အတူ တပ်မတော်အကြီးအကဲ၏ ယာဉ်တန်း အခမ်းအနားကျင်းပမည့် ဆိပ်ခံတံတားပေါ်သို့ ချဉ်းကပ်ရောက်ရှိလာပါသည်။ မဏ္ဍပ်အတွင်း နေရာယူပြီးသောအခါ အခမ်းအနားမှူးက အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်ပါသည်။ စစ်ဦးစီးအရာရှိချုပ်(ရေ)၏ “၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်နေ့မှစ၍ တပ်တော်ဝင်စစ်ရေယာဉ်များအဖြစ် ကြေညာလိုက်သည်”ဆိုသည့် အောင်မြင်ခံ့ညားသော ကြေညာချက်အဆုံးတွင် နိုင်ငံတော်အလံအား လွှင့်တင်ခြင်း၊ တပ်တော်ဝင် အလံလွှင့်တင်ခြင်း၊ ခေါင်းလောင်း ရှစ်ချက်တီးခြင်းတို့ကို တစ်ပြိုင်နက်တည်း ပြုလုပ်ကြပါသည်။ တစ်ဆက်တည်းတွင် စစ်ရေယာဉ်မှူး၏ “နိုင်ငံတော်အလံအားအလေးပြု” ဟူသော အမိန့်က ထက်ကြပ်ထွက်ပေါ်လာရာ မဏ္ဍပ်အတွင်းရှိသူအားလုံး မတ်တတ်ရပ် ဂါရဝပြုကြပါသည်။ တပ်မတော်(ရေ) စစ်တီးဝိုင်းက နိုင်ငံတော်သီချင်းကို တီးမှုတ်နေရာ ကြက်သီးမွေးညင်းထသည်အထိ ခံစားရပါသည်။ ထို့နောက် သစ္စာ(၄)ချက်ရွတ်ဆိုကြရာ ကျွန်တော့်နှုတ်မှ လိုက်ဆိုနေမိသည်အထိ ကြည်နူးပီတိဖြစ်ရပါသည်။ ဆက်လက်၍ တာဝန်ကျတပ်ဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊ တာဝန်ကျတပ်ဖွဲ့နေရာယူခြင်းတို့ကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး တပ်မတော်အကြီးအကဲက တပ်တော်ဝင် စစ်ရေယာဉ်များကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများက ရှင်းလင်းပြသခြင်း၊ စုပေါင်းဓာတ်ပုံရိုက်ကူးခြင်းများ ဆောင်ရွက်ပြီး စစ်ရေယာဉ်(မုတ္တမ)ပေါ်သို့ တက်ရောက်သွားပါသည်။ ကျွန်တော်အပါအဝင် ပရိသတ်များမှာ မဏ္ဍပ်အတွင်း ထိုင်လျက်ကျန်ရှိနေသော်လည်း အခမ်းအနားကျင်းပမှုများကို ဆက်လက်ကြည့်ရှုမြင်တွေ့နေရပါသည်။

ခေတ္တမျှအကြာတွင် တပ်မတော်အကြီးအကဲအား ဂုဏ်ပြုတပ်ဖွဲ့က အလေးပြုခြင်း၊ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးခြင်းများ ဆောင်ရွက်ပါသည်။ ထို့နောက် “အမြောက်ပစ်ဖောက်အလေးပြု” ဟူသော အမိန့်သံအဆုံး ကျယ်လောင်သော အမြောက်သံကို ကြားလိုက်ရပါသည်။ ရေလယ်တွင် ချည်နှောင်ထားသော စစ်ရေယာဉ်ကြီးနှစ်စင်းမှ ပစ်ဖောက်အလေးပြုလိုက်သော နရီမှန်မှန်ထွက်ပေါ်လာသည့် အမြောက်သံမှာ ရေတပ်သားတို့၏ လေ့ကျင့်သားပြည့်ဝမှုကို ဖော်ကြူးနေပါသည်။ ကျွန်တော့်ဘေးက အငြိမ်းစား Long Commission ဗိုလ်ကြီး(ငြိမ်း)တစ်ယောက်က အမြောက်သံအား တိုးတိုးလေး Timing ရေတွက်နေရာ ကျွန်တော်ကလည်း အမြောက်သံကို လက်ချိုး ရေတွက်နေမိပါသည်။ နောက်ဆုံးအမြောက်သံသည် ၂၁ ချက်တွင်ရပ်သွားရာ နိုင်ငံတော်အကြီးအကဲကို ထုံးတမ်းအစဉ်အလာအတိုင်း အမြောက်အရေအတွက် ၂၁ ချက် ပစ်ဖောက်အလေးပြုခြင်း အခမ်းအနားလည်း ပြီးမြောက်ခဲ့ပါသည်။

အမြောက်ပစ်ဖောက် အလေးပြုပြီး တစ်ဆက်တည်း မိမိတို့တပ်မတော်(ရေ)တွင် တည်ဆောက်တပ်တော်ဝင်ခဲ့သည့် စစ်ရေယာဉ်များက ပုံပြမောင်းနှင်၍ နိုင်ငံတော်အလံ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)အလံများနှင့် (၇၇)နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အလံတို့ကို အသီးသီးလွှင့်ထူကာ တပ်မတော်အကြီးအကဲအား အစဉ်လိုက် ချီတက်အလေးပြုကြပါသည်။

ဆက်လက်၍ တပ်မတော်အကြီးအကဲက ပုံပြမောင်းနှင်အလေးပြုကြသော စစ်ရေယာဉ်များအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုလက်ဆောင်များအား ပေးအပ်ခြင်း၊ ဂုဏ်ပြုအမှာစကား ပြောကြားခြင်းများ ဆောင်ရွက်ပြီးနောက် အခမ်းအနားအောင်မြင်စွာ ပြီးမြောက်ခဲ့ပါသည်။

မဏ္ဍပ်အတွင်း ကျွန်တော်တို့စစ်မှုထမ်းဟောင်းများအားလုံး စုပေါင်းကားပေါ် ပြန်တက်ပြီး ထွက်ခွာလာခဲ့ကြပါသည်။ အမှတ်(၁)ဗျူဟာစစ်ရေယာဉ်စုအရာရှိရိပ်သာသို့ရောက်ရှိပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)က စီမံပေးထားသည့် နေ့လယ်စာအား မြိန်ယှက်စွာ သုံးဆောင်ခဲ့ကြရပါသည်။ ထို့ပြင် လက်ဆောင်အဖြစ် ၂၀၂၄ ခုနှစ် တပ်မတော်(ရေ) နှစ်လည်မဂ္ဂဇင်း၊ စားပွဲတင်ပြက္ခဒိန်နှင့် မှတ်စုစာအုပ်၊ (၇၇)နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့ Logo ရေးထိုးထားသော ဦးထုပ်တစ်လုံးနှင့် စပို့ရှပ်တစ်ထည်တို့အား လက်ခံရရှိခဲ့ပြန်သဖြင့် ကျေးဇူးတင်မဆုံး အမြဲတမ်းအမှတ်တရ ဖြစ်ရပါသည်။

စုပေါင်းကားဖြင့် ကျွန်တော်တို့ ကားများရပ်ထားရာနေရာအထိ လိုက်ပါပို့ဆောင်ပေးသဖြင့် မိမိကားဖြင့် အိမ်ပြန်ခရီးစခဲ့ပါသည်။ လွန်ခဲ့သော ၁၀ နှစ်ကျော်ခန့်က တပ်မတော်(ရေ)မှ အငြိမ်းစားယူခဲ့သော်လည်း တပ်မတော်(ရေ)က ကျွန်တော်တို့ကို အမြဲသတိတရရှိနေသေးသည်ကိုတွေးမိပြီး ကားမောင်းရင်း ကြည်နူးပီတိဖြစ်ရပါသည်။ တပ်မတော်(ရေ)၏ ပြောင်းလဲတိုးတက်မှုများကို မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ရသည့်အပြင် ယခုထက်ပိုမိုတိုးတက်အောင်မြင်စေရန်လည်း ဆန္ဒပြုမိပါသည်။ နောင်နှစ်များတွင်လည်း ကျွန်တော်ချစ်သော၊ လေးစားတန်ဖိုးထားရသော တပ်မတော်(ရေ) မည်ကဲ့သို့ တိုးတက်အောင်မြင်နေသည်ကို ကိုယ်တိုင်ကိုယ်ကျ လာရောက်ကြည့်ရှု အားပေးလိုကြောင်း ရိုးသားစွာဆန္ဒပြုရင်း (၇၇)နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုတင်ပြလိုက်ရပါသည်။

**“ရွှေပင်လယ်၏ တန်ဖိုးကြီးမားမှုကို အလေးထားသော တပ်မတော်အကြီးအကဲက စစ်ရေယာဉ်များကို ကိုယ်တိုင်တည်ဆောက်ရန် လမ်းညွှန်မှုပြုခဲ့ပါသည်။ “ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်” ဟူသော ဆောင်ပုဒ်နှင့်အညီ နိုင်ငံတကာစံချိန်စံညွှန်းမီ စစ်ရေယာဉ်များကို ကိုယ်ပိုင်ဒီဇိုင်းများ ရေးဆွဲတည်ဆောက်ရန် တွန်းအားပေးခဲ့သည်။ လိုအပ်သည်များ ပံ့ပိုးကူညီခဲ့သည်။ ထို့ကြောင့် အမျိုးအစားစုံလင်သော စစ်ရေယာဉ်များကို လျင်မြန်စွာ ရောခင်း၊ တည်ဆောက်၊ ရေချ၊ တပ်တော်ဝင်ခြင်းများ ဆောင်ရွက်နေသည်ကို မြင်တွေ့ကြားသိနေပေသည်။ “ဝယ်ယူအသုံးပြုသူမှ တည်ဆောက်သူ(Buyer to Builder)” အဖြစ်သို့ ပြောင်းလဲလာခဲ့ပြီဖြစ်ပြီး နိုင်ငံတော်ဘဏ္ဍာငွေကို များစွာချွေတာနိုင်ခဲ့”**

## (၇၇)နှစ်ပြည့် တပ်မတော်(ရေ)

✰ တပ်မတော်(ရေ)
ကမ္ဘာမြေနှံ့၊ ရေပြင်မြေပြင်
ခရီးနှင်ခဲ့၊ သက်လျှင်တွက်စစ်
၇၇ နှစ်ပင် ပြည့်မြောက်ခဲ့ချေပြီ...။

✰ ငွေရတု ရွှေရတု
စိန်ရတုမှသည်၊ ရတုလီလီ
ရှေ့သို့ချီမြဲ၊ ပြည်သူမှဖွား
ပြည်သူ့သားတို့၊ အားမာန်ကိုလွှင့်
ဓားလှံကိုဝင့်၊ ခေတ်နှင့်ညီစွာ
တည်ရှိလာသည့် တပ်မတော်(ရေ)...။

✰ “တိုက်လည်းဖြိုးဖြိုး
ထိုးလည်းရုတ်ရုတ်၊ ဆုတ်လည်းညီညီ
ချီလည်းကြွကြွ၊ ချလည်းကြပ်ကြပ်
ရပ်လည်းမှန်မှန်၊ ပြန်လည်းစိုက်စိုက်
စစ်တိုက်ပီပီ၊ စစ်ချီစစ်သွား
ဖြစ်သောအားကြောင့်” ဆိုထားသည့်စာ
ရင်မှာပိုက်စွဲ၊ ဆင်ကာနွှဲခဲ့
အောင်ပွဲများနှင့် တပ်မတော်(ရေ)...။

✰ လွတ်လပ်ရေးနှင့်
တိုင်းရေးပြည်ရာ၊ အဖြာဖြာတွက်
ညီစွာစုထား၊ ရေတပ်သားတွေ
အင်အားထပ်ထပ်၊ ဇွဲစိတ်ဓာတ်နှင့်
ရေတပ်၏ဂုဏ်၊ လှိုင်းမာန်ဟုန်ကြွ
၁၉၄၇ မှ၊ ယနေ့ထိတိုင်
ပြည့်မဏ္ဍိုင်ဟည်း၊ ခိုင်မာပြီးစေ
ထီးကျိုးစည်ပေါက်၊ ဘယ်သူ့အောက်မှ
ဒူးထောက်မခံ၊ ဇာတိမာန်နှင့်
“လှေခွက်ချည်းကျန်၊ အလံမလှဲ”
ပြည်သူထဲက တပ်မတော်(ရေ)...။

ပုသိမ်မောင်သောင်းယဉ်

# (၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၄**

သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန သာသနာရေးဦးစီး ဌာနက ကြီးမှူးကျင်းပသည့် (၇၇) ကြိမ်မြောက် တိပိဋကဓရတိပိဋက ကောဝိဒရွေးချယ်ရေး စာမေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ ကမ္ဘာအေး ကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင် ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး သန်လျင် မြို့နယ် မင်းကျောင်းပထမပြန် စာသင်တိုက် ပဓာနနာယက အဂ္ဂ မဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသ အမှူးပြုသော တိပိ ဋကဓရ တိပိဋကကောဝိဒ ဩဝါဒါ စရိယအဖွဲ့ ဆရာတော်ကြီးများ၊ ပုစ္ဆက ဆရာတော်ကြီးများ၊ ကြီးကြပ်ရေး ဆရာတော်ကြီးများ၊ စာထောက်စာမ ဆရာတော်ကြီး များ၊ စာပြန်သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာ ရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီး များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ ဩဇ္ဈပရိသတ်များက တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ ဒုတိယဥက္ကဋ္ဌဆရာတော် ရောဝတီ တိုင်းဒေသကြီး ဟင်္သာတမြို့ မိုးကောင်းကျောင်းတိုက် ပဓာန နာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသုဓမ္မာစာရာဘိဝံသ မဟာ ထေရ်မြတ်ထံမှ ငါးပါးသီလ ခံယူ ဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက ရွတ်ပွားချီးမြှင့် တော်မူသည့် ပရိတ်တရားတော် များကို နာယူကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မြို့နယ် မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာန နာယက ဒေါက်တာဘဒ္ဒန္တစန္ဒိမာ ဘိဝံသက သာရဏီယ ဩဝါဒ ကထာကို မိန့်ကြားတော်မူသည်။

**(ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ ၏ သာရဏီယဩဝါဒကထာကို စာမျက်နှာ ၁၂ တွင် ဖော်ပြထားပါ သည်)**

ယင်းနောက် ပြည်ထောင်စု ဝန်ကြီး ဦးတင်ဦးလွင်က သာသနာ ရေးဆိုင်ရာများကို လျှောက်ထား ရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၌ ဗုဒ္ဓသာသနာ ရောက်ရှိချိန်မှစ၍ မြတ်စွာဘုရား ရှင် ဟောကြားတော်မူအပ်သော ပိဋကတ်ကျမ်းစာများ၊ ပုဒ်၊ ပါဌ်၊ အက္ခရာမှစ၍ မချွတ်ယွင်း မတိမ်းပါးအောင် လက်ဆင့်ကမ်း ထိန်းသိမ်း စောင့်ရှောက်လာခဲ့ သည်မှာ ယနေ့မျက်မှောက်ခေတ် ကာလတိုင်အောင် ဖြစ်ကြောင်း၊ ပရိယတ္တိဝန်ဆောင် ဆရာတော် များ ခေတ်အဆက်ဆက်ပေါ်ထွန်း ခဲ့သလို ပရိယတ္တိအရာမှာလည်း ထင်ရှားကျော်ကြားသည့် ဆရာ တော်ကြီးများ ပေါ်ထွန်းခဲ့ကြောင်း၊ မြတ်စွာဘုရားရှင် ဟောကြား တော်မူအပ်သော ပိဋကတ်သုံးပုံ အာဂုံဆောင်နိုင်သော သာသနာ့ အာဇာနည် အရှင်မြတ်များ စဉ်ဆက်မပြတ် ပေါ်ထွန်းနေသော ကြောင့် မြန်မာနိုင်ငံ သာသနာ သည် ကမ္ဘာ့အလယ်တွင် တင့်တယ် ဝင့်ထည်လျက်ရှိ ကြောင်း လျှောက်ထားသည်။

ဆက်လက်၍ နိုင်ငံတော်သံဃ မဟာနာယက ဆရာတော်များ၊ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးဩဝါဒါစရိယ ဆရာ တော်များ၊ ပုစ္ဆက ဆရာတော်များ၊ ကြီးကြပ်ရေး ဆရာတော်များ၊ စာထောက်စာမ ဆရာတော်များ နှင့် တိပိဋကဓရတိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဝင်ရောက် ဖြေဆိုကြမည့် သံဃာတော်များ အား အလှူရှင်များက အလှူငွေ ကျပ် ၉၁၄၀၀၀၀၀ ကို လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသ ကြီးဝန်ကြီးများနှင့် တာဝန်ရှိသူ များက လက်ခံရယူ၍ ဂုဏ်ပြုလွှာ များ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး နှင့် ဇနီးတို့က အဋ္ဌကထာကျမ်း စာအုပ်များကို တိပိဋကဓရ တိပိ ဋကကောဝိဒ ရွေးချယ်ရေးဩဝါဒါ စရိယဆရာတော်များနှင့်ကြီးကြပ် ရေးဆရာတော်များထံ ပေးအပ် လှူဒါန်းကြသည်။



ယင်းနောက် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ အကျိုးတော် ဆောင်ဆရာတော် မန္တလေးတိုင်း ဒေသကြီး မဟာအောင်မြေမြို့ နယ် မစိုးရိမ်ကျောင်းတိုက်သစ် ဓမ္မသမိဒ္ဓိကျောင်း မဟာနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာ ဘိဝံသ အရှင်သူမြတ်ထံမှ ဩဇ္ဈ ပရိသတ်များက အနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှုအစုစု အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီး ဦးတင်ဦးလွင်နှင့် တာဝန်ရှိ သူများသည် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီး၌ (၇၇) ကြိမ်မြောက်၊ တိပိဋကဓရ တိပိ ဋကကောဝိဒ ရွေးချယ်ရေးစာမေး ပွဲ အာဂုံပြန်ဆိုတော်မူကြသော စာပြန် သံဃာတော်များအား ဖူးမြော်ကြည်ညိုပြီး တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ပုစ္ဆကဆရာ တော်များ၊ ကြီးကြပ်ရေးဆရာ တော်များအား နဝကမ္မ အလှူငွေ များ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး နှင့် တာဝန်ရှိသူများသည် နိုင်ငံ တော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ဆက်ကပ်လှူဒါန်းသည့် နေ့ဆွမ်း ကို တိပိဋကဓရတိပိဋကကောဝိဒ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ပုစ္ဆကဆရာတော်များ၊ ကြီးကြပ် ရေးဆရာတော်များ၊ စာထောက် စာမဆရာတော်များ၊ စာပြန် သံဃာတော်များထံ ဆက်ကပ် လှူဒါန်းကြသည်။

ယနေ့စတင်ကျင်းပသည့် (၇၇) ကြိမ်မြောက် တိပိဋကဓရ တိပိ ဋကကောဝိဒ ရွေးချယ်ရေးစာမေး ပွဲကြီးကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၅ ရက်အထိ ၃၃ ရက်တိုင်တိုင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေး ကုန်းမြေ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ကျင်းပသွားမည် ဖြစ်ပြီး စာဖြေသံဃာ ၄၆၂ ပါး ဝင်ရောက်ဖြေဆိုမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဂုဏ်ပြုပွဲနှင့် ဝန်ထမ်းများတွေ့ဆုံပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၄**

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ဂုဏ်ပြုပွဲနှင့် ဝန်ထမ်းများတွေ့ဆုံပွဲကို ယနေ့နံနက် ပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးဇော်အေး မောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ် များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြား ရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက် ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော်တွင် ဝန်ကြီးဌာနကိုယ်စားပြု စိန်နားပန်မီးပုံးပျံကြီးအား အောင်မြင်စွာလွှတ်တင်ပူဇော်နိုင်ပြီး စည်းကမ်း လိုက်နာမှု အကောင်းဆုံးဆုကို ရရှိခဲ့ခြင်းနှင့် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝန်ကြီးဌာနအနေဖြင့် အားကစားနည်း ခြောက်နည်း ကို ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ်တစ်ခုရရှိခဲ့သည့် အတွက် ဝန်ကြီးဌာနအလိုက် အဆင့် (၈)နေရာ ရရှိခဲ့ ခြင်းတို့အတွက် ဂုဏ်ယူကြောင်း၊ အဆိုပါပြိုင်ပွဲများ ကို တစ်ဦးချင်းစည်းကမ်း၊ အဖွဲ့လိုက်စည်းကမ်း၊ အပြုသဘောဆောင်သည့် စိတ်ဓာတ်များဖြင့် ပါဝင် ယှဉ်ပြိုင်ခဲ့သည့်အတွက် ယခုကဲ့သို့ အောင်မြင်မှုများ ရရှိခဲ့ခြင်းဖြစ်သဖြင့် အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းသွားကြရမည် ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးက အမှာစကား ပြောကြားပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော်တွင် ဝန်ကြီးဌာနကိုယ်စားပြု စိန်နားပန်မီးပုံးပျံကြီးအား အောင်မြင်စွာလွှတ်တင် ပူဇော်နိုင်ပြီး “စည်းကမ်းလိုက်နာမှု အကောင်းဆုံးဆု” ကို ရရှိခဲ့သည့်အတွက် ပြည်ထောင်စုဝန်ကြီးက အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်တွင် ရွှေတံဆိပ်တစ်ခုရရှိခဲ့ပြီး ဝန်ကြီးဌာနအလိုက် အဆင့်(၈)နေရာ ရရှိခဲ့သည့် အတွက် ဒုတိယဝန်ကြီးက ပါဝင်ယှဉ်ပြိုင်ခဲ့သည့် အားကစားနည်းများအလိုက် အသင်းအုပ်ချုပ်သူများ အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးရုံး တိုင်းရင်း သားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနနှင့် တိုင်းရင်းသား အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန မှ အရာထမ်း၊ အမှုထမ်းများက မိမိတို့၏ အခက်အခဲ များ၊ လိုအပ်ချက်များကို တင်ပြကြရာ သက်ဆိုင်ရာ ဌာနအကြီးအမှူးများက ရှင်းလင်းဖြေကြားကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြ သည့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲ တမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ အမြဲတမ်းအတွင်းဝန်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် နှင့် အရာထမ်း၊ အမှုထမ်းများအားလုံး နေ့လယ်စာကို လက်ရည်တစ်ပြင်တည်း အတူတကွ သုံးဆောင်ခဲ့ကြ ကြောင်း သိရသည်။ **သတင်းစဉ်**

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ယနေ့နံနက် ၁၀ နာရီ ၂၇ မိနစ် ၂၅ စက္ကန့်တွင် နေပြည်တော် မြေငလျင်စခန်းမှ အနောက်-အနောက် တောင်ဘက် မိုင် ၇၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ဆင်ပေါင်ဝဲမြို့၏ အနောက်တောင်ဘက် ၁၂ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၁၉ ဒသမ ၅၆ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၁၈ ဒီဂရီ၊ အနက် ၆၇ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၄ ဒသမ ၃ အဆင့်ရှိ အင်အားအနည်းငယ်ရှိ သော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ **မိုး/ဇလ**

## အားကောင်းသော လေဖိအားနည်းရပ်ဝန်း အခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်း(အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်တောင်ပိုင်း ကမ်းလွန်-တမီးလ်နာဒူးမြောက်ပိုင်း ကမ်းခြေ)တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါအားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် အနောက် - အနောက်တောင်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ တဖြည်းဖြည်း အားလျော့သွားနိုင်သည်ဟု ခန့်မှန်းရသည်။ **မိုး/ဇလ**

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ သန်လျင်မင်းကျောင်းဆရာတော်ဘုရားကြီး မိန့်ကြားတော်မူသော သာရဏီယဩဝါဒကထာ

"ပဉ္စိမေ ဘိက္ခဝေ ဓမ္မာ သဒ္ဓမ္မဿ သမ္မောသာယ အန္တရဓာနာယ သံဝတ္တန္တိ"အစရှိသည်ဖြင့်လည်းကောင်း၊"ပဉ္စိမေ ဘိက္ခဝေ ဓမ္မာ သဒ္ဓမ္မဿ ဌိတိယာ အသမ္မောသာယ အန္တရဓာနာယ သံဝတ္တန္တိ" အစရှိသည်ဖြင့်လည်းကောင်း မြတ်စွာဘုရားရှင် မိန့်ကြားတော်မူသည့် သာသနာတော် ကွယ်ပခြင်းအကြောင်းနှင့် သာသနာတော်တည်တံ့ခြင်းအကြောင်းတို့ကို နှလုံးသွင်းဆင်ခြင်နိုင်ကြစေရန် အင်္ဂုတ္တရနိကာယ်၊ ပထမသဒ္ဓမ္မသမ္မောသ သုတ်(အံ၊ ၂၊ ၁၅၅)ကို အကျဉ်းချုပ်၍ ပြောကြားလိုပါသည်။ သာသနာကွယ်ဖို့ အကြောင်းငါးပါးက–

၁။ ရဟန်းသံဃာများ တရားတော်ကို ရိုသေစွာ မနာယူခြင်း။

၂။ တရားတော်ကို ရိုသေစွာ မသင်ယူခြင်း။

၃။ တရားတော်ကို ရိုသေစွာ နှုတ်တွင် မဆောင်ခြင်း။

၄။ ဆောင်ထားအပ်သော တရားတော်များ၏ အနက်အဓိပ္ပာယ်ကို ရိုသေစွာ မဆင်ခြင်ခြင်း။

၅။ တရားသဘောတို့ဖြင့် သိပြီးသောအခါ သိထားသည့်အတိုင်း ရိုသေစွာ မလိုက်နာမကျင့်ကြံခြင်း

ဟူသော အကြောင်းတရားငါးပါး ဖြစ်ပါသည်။

ရဟန်းသံဃာတော်များသည် ယခုပြောခဲ့သည့် သာသနာကွယ်ခြင်း အကြောင်းငါးပါးနှင့် လက်တွေ့ဖြစ်နေလျှင် မကြာမီပင် သာသနာကွယ်ပျောက်မည် ဖြစ်ပါသည်ဘုရား။

သာသနာတည်တံ့ခြင်းအကြောင်းငါးပါးကတော့ –

၁။ ရဟန်းသံဃာများသည် တရားတော်ကို ရိုသေစွာ နာယူခြင်း။

၂။ တရားတော်ကို ရိုသေစွာ သင်ယူခြင်း။

၃။ တရားတော်ကို ရိုသေစွာ နှုတ်တွင် ဆောင်ထားခြင်း။

၄။ ဆောင်ထားသည့် တရားတော်များ၏ အနက်အဓိပ္ပာယ်ကို ရိုသေစွာ ဆင်ခြင်ခြင်း။

၅။ တရားသဘောတို့ဖြင့် သိပြီးသောအခါ သိထားသည့်အတိုင်း ရိုသေစွာ လိုက်နာကျင့်ကြံခြင်း

ဟူသော အကြောင်းတရားငါးပါး ဖြစ်ပါတယ်။

ရဟန်းသံဃာတော်များသည် ဤသာသနာတည်တံ့ခြင်း အကြောင်းငါးပါးကို ကျင့်ကြံကြိုးကုတ်အားထုတ်နေလျှင် မြတ်စွာဘုရားရှင် သာသနာတော်ကြီးသည် ကြာရှည်စွာ တည်တံ့နေမှာဖြစ်ပါတယ်။ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို စာရင်းသွင်းဝင်ရောက်၍ အာဂုံပြန်ဆိုဖြေဆိုတော်မူကြမည့် အရှင်မြတ်များသည် မြန်မာနိုင်ငံ ပရိယတ္တိသာသနာတော်တွင် အဆင့်မြင့်မြင့် ပရိယတ္တိသာသနာ့တာဝန်ကို အားသွန်ကြိုးပမ်းနေကြသည့် သာသနာ့အာဇာနည်အရှင်မြတ်များ ဖြစ်ကြပါတယ်။ အဆင့်မြင့်မြင့် ပရိယတ္တိ သာသနာ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နေကြသူများပီပီ ရည်ရွယ်ချက်ကြီးမားစွာ ထားရှိပြီး အာဂုံအရ ကျက်မှတ်ဆောင်ထားသည့် ပရိယတ္တိဓမ္မများ၏အနက်အဓိပ္ပာယ်သဘောတရားတို့ကို ထိထိမိမိ သိရှိအောင် နှလုံးသွင်းဆင်ခြင်ဖို့ လိုအပ်ပါတယ်။

ထို့ပြင် သာသနာတော်တည်တံ့ရန်အတွက် ပရိယတ္တိသာ ပဓာနကျကြောင်း အဋ္ဌကထာဆရာတို့က မိန့်ဆိုထားပါတယ်။ အကျင့်ပဋိပတ်မပါဘဲ ပရိယတ္တိတစ်ခုတည်းဖြင့် သာသနာတော်တည်တံ့နိုင်ကြောင်းကို ဆိုလိုသည် မဟုတ်ပါ။ သာသနာတော်တည်တံ့ခြင်း အကြောင်းငါးပါးတို့တွင် တရားသဘောတို့ကို သိပြီးသည့်အခါ သိထားသည့်အတိုင်း မလိုက်နာ မကျင့်သုံးလျှင် မိမိသန္တာန်မှာမတည်ဘဲ ကွယ်ပျောက်နေသည်ကို သတိပြုရမှာ ဖြစ်ပါတယ်။

ထိုကဲ့သို့ သိရှိပြီးသောတရားတော်များကို တတ်နိုင်သမျှ မိမိတို့ ကိုယ်တိုင် လိုက်နာကျင့်သုံးခြင်း၊ တပည့်ရဟန်း၊ သာမဏေများကိုလည်း တွင်တွင်ကျယ်ကျယ်ပို့ချပြီး မြတ်စွာဘုရားရှင်သာသနာတော်မြတ်ကြီးကို ပစ္စည်းလေးဖြာ လိုအပ်ရာတို့ဖြင့် ထောက်ပံ့လှူဒါန်းနေကြသည့် ဒါယကာ ဒါယိကာမများကိုလည်း ဟောပြောညွှန်ပြခြင်းတို့ကို ပြုလုပ်ပေးကြမှသာ မြတ်စွာဘုရားရှင် သာသနာတော်ကြီး တည်တံ့ပြန့်ပွားနိုင်မည်ဖြစ်ပါတယ်။

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုကြမည့် သာသနာ့အာဇာနည် အရှင်မြတ်တို့ဘုရား–

"ဂန္ထဓုရံ ဝိပဿနာဓုရန္တိ ဒွေယေဝ ဓုရာနိ ဘိက္ခုတိ" (ဓမ္မပဒအဋ္ဌကထာ၊၁၊၅)၌လာသော ဒေသနာတော်နှင့်အညီ ဤသာသနာတော်၌ စာပေကျမ်းဂန် သင်အံပို့ချခြင်း ဂန္ထဓုရတာဝန်၊ ဝိပဿနာကမ္မဋ္ဌာန်း တရားပွားများခြင်း ဝိပဿနာဓုရတာဝန်ဟု တာဝန်နှစ်မျိုးရှိကြောင်း ပြဆိုထားပါတယ်။ ထိုကဲ့သို့ အဋ္ဌကထာဆရာတို့ ပြဆိုထားသည့်အတိုင်း အာဂုံပြန်ဆိုပွဲ၌ ပြန်ဆိုနိုင်သည်ဖြစ်စေ၊ မပြန်ဆိုနိုင်သည်ဖြစ်စေ မြတ်စွာဘုရားရှင်သာသနာတော်တွင် ကိုယ်ခန္ဓာ ကြံ့ခိုင်စွမ်းနိုင်သည့်အရွယ်မှာ ရှိနေပါက "ပရိယတ္တိစာပေကျမ်းဂန်များကို သင်အံလေ့ကျက် ပို့ချနေရမည့် ဂန္ထဓုရတာဝန်သည် ငါတို့တာဝန်ဖြစ်သည်" ဟု နှလုံးသွင်းကြကာ အာဂုံပြန်ဆိုကြရမည်ဖြစ်ပါတယ်။ ထိုကဲ့သို့ ကောင်းမြတ်သောနှလုံးသွင်းခြင်းဖြင့် ပြန်ဆိုကြမည်ဆိုပါက စာမေးပွဲမှလွဲချော်၍ မအောင်မြင်စေကာမူ အရှင်ဘုရားတို့၏ စိတ်အစဉ်သည် မပင်မပန်း ရွှင်လန်းချမ်းမြေ့စွာ သာသနာတော်စိတ်ဓာတ်အပြည့်အဝဖြင့် ပရိယတ္တိစာပေကို အစဉ်မပြတ် ဆက်လက်ကြိုးပမ်းလိုစိတ်များ တဖွားဖွားဖြစ်ပေါ်လာကြပါလိမ့်မည် ဘုရား။

စာမေးပွဲအောင်ရုံ တစ်ခုတည်းသော ရည်ရွယ်ချက်ထား၍ ပြန်ဆိုပါက ကျရှုံးလျှင် နှလုံးမသာမယာဖြစ်ပြီး ပရိယတ္တိစာပေကို မသင်အံ မကျက်မှတ်လိုခြင်းစသည့် မကောင်းသောအလားအလာများ ဖြစ်ပွားလာနိုင်ပါတယ်၊ သို့အတွက်ကြောင့် ရောဂါဝေဒနာကင်း၍ ခန္ဓာကိုယ်ကြံ့ခိုင်စွမ်းနိုင်သည့်အရွယ်မှာ ပရိယတ္တိစာပေကျမ်းစာများကို ကိုယ်တိုင်လည်းကျင့်ကြံ တပည့်များကိုလည်း သင်ကြားပို့ချပေးရန်၊ ဒါယကာ ဒါယိကာမများကိုလည်း မှန်ကန်စွာ ဟောကြားညွှန်ပြနိုင်ရန် သာသနာတော်ကြီးကိုလည်း ချီးမြှောက်စောင့်ရှောက်နိုင်ရန်ဟူသော ရည်ရွယ်ချက်ကောင်းဖြင့် ကျက်မှတ်၍ပြန်ဆိုပါက ပစ္စုပ္ပန်သံသရာ ချမ်းသာဖွံ့ဖြိုး နိဗ္ဗာန်တိုင်အောင်သော အကျိုးတရားများကို ရရှိလိမ့်မည်ဖြစ်ကြောင်း သတိပေးစကား ပြောကြားရင်းဩဝါဒကထာကို နိဂုံးချုပ်အပ်ပါသတည်း။

## Training on Neonatal Resuscitation သင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပ




နေပြည်တော် ဒီဇင်ဘာ ၂၄

ကျန်းမာရေး ဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနက မွေးကင်းစကလေး အသက်ကယ်ပြုစုစောင့်ရှောက်ခြင်း သင်တန်း (Training on Neonatal Resuscitation)ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် Myanmar CDC Theater ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ အမြဲတမ်းအတွင်းဝန်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခ/မွေးကင်းစနှင့် ကလေးအထူးကု ဆရာဝန်ကြီးများ၊ မွေးကင်းစနှင့် ကလေးအထူးကု ဆရာဝန်များ၊ ဆေးရုံအုပ်ကြီးများနှင့်သင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အသက်ငါးနှစ်အောက် ကလေး သေဆုံးမှုနှုန်းနှင့် မွေးကင်းစကလေး သေဆုံးမှုနှုန်းသည် နိုင်ငံ၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု အညွှန်းကိန်းအဖြစ် ပါဝင်နေကြောင်း၊ လူ့မျှော်မှန်းသက်တမ်း တွက်ချက်ရာတွင်လည်း အရေးကြီးပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင် (Sustain-able Development Goal 2030) အရ မြန်မာနိုင်ငံတွင် ၂၀၃၀ ပြည့်နှစ်၌ အသက်(၅)နှစ်အောက် ကလေးသေဆုံးမှုနှုန်းကို အရှင်မွေး ၁၀၀၀ လျှင် ၂၅ ယောက်သို့လည်းကောင်း၊ မွေးကင်းစကလေးသေဆုံးမှုနှုန်းကို အရှင်မွေး ၁၀၀၀ လျှင် ၁၂ ယောက်သို့လည်းကောင်း လျှော့ချရန်လိုအပ်ကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ခန့်မှန်းချက် ကလေးသေဆုံးမှု (အစီရင်ခံစာ ၂၀၂၂) အရ မြန်မာနိုင်ငံအနေဖြင့် အသက်ငါးနှစ်အောက် ကလေးသေဆုံးမှုကို လျှော့ချရာတွင် တိုးတက်မှုရှိကြောင်း၊ မွေးကင်းစကလေးအတွက် မွေးပြီးပြီးချင်း အချိန်တစ်မိနစ်အတွင်းသည် ကလေး၏ဉာဏ်ရည်ဖွံ့ဖြိုးမှုနှင့် အသက်ရှင်သန်ရေးအတွက် လိုအပ်သည့် အဖိုးတန် တစ်မိနစ်ဖြစ်ပြီး အရေးကြီးသောကြောင့် ယခုသင်တန်းကို ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

Training on Neonatal Res-uscitation သင်တန်းကို ဒီဇင်ဘာ ၂၄ ရက်မှ ၂၇ ရက်အထိ ပြုလုပ်မည်ဖြစ်ပြီး မွေးကင်းစနှင့်ကလေးအထူးကု ဆရာဝန်ကြီးများက ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော လက်ထောက်ဆရာဝန်များ၊ သူနာပြုများ၊ အမျိုးသမီးကျန်းမာရေး ဆရာမများ၊ သားဖွားဆရာမများ စုစုပေါင်း ၂၈၆ ဦးကို မွေးကင်းစကလေး အသက်ကယ် ပြုစုစောင့်ရှောက်ခြင်းဆိုင်ရာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ကာ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ကြီး)နှင့် အခြား တိုင်းဒေသကြီး/ပြည်နယ်များတွင်လည်း သင်တန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ယခုသင်တန်းများဆောင်ရွက်ခြင်းအားဖြင့် မွေးကင်းစကလေးသေဆုံးမှုနှုန်း၊ ငါးနှစ်အောက်၊ ကလေးသေဆုံးမှုနှုန်းတို့ကို လျှော့ချနိုင်ပြီး မျှော်မှန်းလူ့သက်တမ်း တိုးတက်နိုင်ရေးအတွက်အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ဟသ်ာတမြို့နယ်၌ ကျောင်းအခြေပြုတီဘီရောဂါ ကွင်းဆင်းရှာဖွေခြင်းနှင့် အသိပညာပေး ရှင်းလင်း

ဟသ်ာတ ဒီဇင်ဘာ ၂၄

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကြီးမှူး၍ ဟသ်ာတမြို့နယ် ကျောင်းအခြေပြုတီဘီရောဂါ ကွင်းဆင်းရှာဖွေခြင်းနှင့် ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းလုပ်ငန်းများ အသိပညာပေးရှင်းလင်းပွဲကို ကျင်းပသည်။

အခမ်းအနားတွင် ဟသ်ာတခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်ကျောင်းကျန်းမာရေးကော်မတီနာယက ဦးအောင်မြင့်စိုးက ကျန်းမာရေးဆိုင်ရာ အချက်အလက်များ၊ တီဘီရောဂါကာကွယ်ရေးဆိုင်ရာ အချက်အလက်များနှင့် ပတ်သက်၍ အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာနေခြည်ထက်ထက်လင်းအောင်က ကျောင်းအခြေပြုတီဘီရောဂါ ကွင်းဆင်းရှာဖွေခြင်းနှင့် ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းလုပ်ငန်းများအကြောင်းကို Power point ဖြင့် ရှင်းလင်းပြောကြားသည်။ ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသူများက ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများနှင့် ပတ်သက်၍ မေးမြန်းရာ ခရိုင်ပြည်သူ့ကျန်းမာရေး ဦးစီးမှူး ဒေါက်တာနေခြည်ထက်ထက်လင်းအောင်က ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်း အသုံးပြုသူများ၏ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၄**

လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းအသုံးပြုသူများ၏ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အလုပ်သမားဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ အညွှန်းကိန်းနှင့် သက်ဆိုင်သည့် ဌာနအဖွဲ့များမှ ညွှန်ကြားရေးမှူးချုပ်များ၊ လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများ ပုံမှန်ပြုစု ထုတ်ပြန်နိုင်ရေး အထောက်အကူပြု လုပ်ငန်းအဖွဲ့ဝင်များ၊ ကိုယ်စားလှယ်များနှင့် လေ့လာသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများနှင့်ပတ်သက်၍ အညွှန်းကိန်းနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာနများမှ စာရင်းများ တောင်းခံဆောင်ရွက်လျက်ရှိရာ ကဏ္ဍအားလုံးနှင့် သက်ဆိုင်လွှမ်းခြုံသော အညွှန်းကိန်းများကို အညွှန်းကိန်းများ လက်စွဲစာအုပ်တွင် တွေ့မြင်နိုင်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ လက်စွဲစာအုပ် ပုံမှန်ပြုစုထုတ်ဝေခြင်းဖြင့် ယုံကြည်စိတ်ချရပြီး မှန်ကန်မှုရှိသော ကိန်းဂဏန်း အချက်အလက်များ အလွယ်တကူ ရရှိနိုင်ခြင်း၊ အညွှန်းကိန်းများကို အခြေခံ၍ နိုင်ငံရေ့ရေးအတွက် ခိုင်မာသော မူဝါဒများ ချမှတ်နိုင်ခြင်း၊ နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးမှု အဆင့်အတန်းနှင့် လူနေမှုအဆင့်အတန်းတို့ကို သိရှိနိုင်ခြင်းကြောင့် အညွှန်းကိန်းများ လက်စွဲစာအုပ် ပြုစုထုတ်ပြန်နိုင်ခြင်းသည် နိုင်ငံတော်၏ လူ့စွမ်းအားဆိုင်ရာ မှတ်တိုင်တစ်ခု ဖြစ်ကြောင်း။



အလုပ်သမား ဝန်ကြီးဌာနသည် လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများ ဖော်ထုတ်အသုံးပြုရေး လုပ်ငန်းကို ဦးတည်ဆက်သွယ်သည့် ဝန်ကြီးဌာနအဖြစ် ဆောင်ရွက်လျက်ရှိပြီး အခြားဝန်ကြီးဌာန ၂၁ ခုမှ အညွှန်းကိန်းနှင့်သက်ဆိုင်သည့် ဦးစီးဌာနနှင့် အဖွဲ့ ၄၄ ခု၊ တက္ကသိုလ်/ ကောလိပ် လေးခု၊ ကော်မတီ တစ်ခုနှင့် အသင်းအဖွဲ့နှစ်ခုတို့မှ လုပ်ငန်းအဖွဲ့ဝင်များ၊ ကျွမ်းကျင်ပညာရှင်များနှင့် စုစည်းညှိနှိုင်းပေါင်းစပ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်ဦးဆောင်၍ အလုပ်ရုံဆွေးနွေးပွဲကိုကျင်းပရာ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများ လက်စွဲစာအုပ် ရေရှည်တည်တံ့စေရေး အဖွဲ့များခွဲ၍ ဆွေးနွေးသုံးသပ်ပြီး အကြံပြုချက်များရယူကာ လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများ လက်စွဲစာအုပ် (၂၀၂၃-၂၀၂၄ ခုနှစ်) ထွက်ရှိနိုင်ရေး ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

---

## အဝေးသင် သင်တန်းများ ကျောင်းအပ်နှံနိုင်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပညာရေးဝန်ကြီးဌာန

**အဆင့်မြင့်ပညာဦးစီးဌာန**

ကြေညာချက်

**အဝေးသင် သင်တန်းများ ကျောင်းအပ်နှံနိုင်ကြောင်း ကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၏ ၂၀၂၅ ပညာသင်နှစ်၊ ပထမနှစ် အဝေးသင် သင်တန်းများ၏ ကျောင်းဝင်မှတ်ပုံတင်ခြင်းကို ၂၆-၁၂-၂၀၂၄ ရက်နေ့မှ ၃၁-၃-၂၀၂၅ ရက်နေ့ထိလည်းကောင်း၊ ဒုတိယနှစ်နှင့်အထက် အဝေးသင် သင်တန်းများ၏ ကျောင်းဝင်မှတ်ပုံတင်ခြင်းကို ၄-၂-၂၀၂၅ ရက်နေ့မှ ၁၆-၅-၂၀၂၅ ရက်နေ့ထိလည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန**

---



# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ဇမ္ဗူသီရိမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၄**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာအုပ်စု ကွင်းအမှတ် ၁၆၅၉ တွင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကောက်ရိုးမြေဆွေးပြုလုပ်နည်း သရုပ်ပြပွဲသို့တက်ရောက်၍ ကောက်ရိုးမြေဆွေးပြုလုပ်မှု အခြေအနေများကို ကြည့်ရှုအားပေးပြီး ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာအုပ်စုရှိ Nilar Frozen Foods Co., Ltd. ၏ ဟင်းသီးဟင်းရွက်သန့်စင်အေးခဲ ထုပ်ပိုးရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ Xing Da လယ်ယာစိုက်ပျိုးရေးသုံးပိုက်နှင့် ပိုက်ဆက်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒက္ခိဏသီရိမြို့နယ် ရွာမကျေးရွာအုပ်စု ကွင်းအမှတ် ၁၆၇၂ ၌ နေပြည်တော် စက်မှုလယ်ယာဦးစီးဌာနမှ ကောက်ရိုးစုစက်ဖြင့် ကောက်ရိုးစုခြင်း၊ ကောက်ရိုးထုံးခြင်း၊ ကောက်ရိုးပြတ်ငုတ်ခြေမွခြင်း၊ မြေဩဇာ ကြဲပက်စက်၊ အစေ့ချစက်၊ ဆေးဖျန်းစက်များဖြင့် သရုပ်ပြစိုက်ပျိုးခြင်းသို့ သွားရောက်ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ ယခုသရုပ်ပြသမှုကို တောင်သူများအနေဖြင့် လေ့လာပြီး မိမိတို့ စိုက်ပျိုးရေးလုပ်ငန်းများတွင် ပြန်လည်အသုံးပြုကြစေလိုကြောင်း ပြောကြားကာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးတို့က တောင်သူများအား နေကြာမျိုးစေ့များနှင့် သွင်းအားစုများကို ပေးအပ်သည်။

ထို့နောက် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ဇမ္ဗူသီရိ အထူးကုဆေးရုံကြီးတွင် ရေဂါလန် တစ်သိန်းဆံ့ ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ **သတင်းစဉ်**

---



# စိုက်ပျိုးရေးကုန်ကြမ်းသီးနှံ အခြေခံတန်ဖိုးမြင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာ သင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၄**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၏ စိုက်ပျိုးရေးကုန်ကြမ်းသီးနှံ အခြေခံတန်ဖိုးမြင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာ(ToT) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက အဆိုပါဦးစီးဌာနရှိ လေ့ကျင့်ပျိုးထောင်ရေးစင်တာ၌ ကျင်းပရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ သင်တန်းသား သင်တန်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး ဦးမြင့်စိုးက ကျေးလက်နေပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းပေါ်များရေးနှင့် မိသားစုဝင်ငွေတိုးရေးအတွက် ဒေသနှင့် ကိုက်ညီသော သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ရည်မှန်းချက်အောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး တိုက်တွန်းမှာကြားပြီး တစ်ဦးချင်းနှင့် အဖွဲ့လိုက် ထူးချွန်သင်တန်းသားများကို ဂုဏ်ပြုဆုများ ပေးအပ်သည်။

**ကြည့်ရှုအားပေး**

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်များက သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ပြီး သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် စိုက်ပျိုးရေးကုန်ကြမ်းသီးနှံ အခြေခံတန်ဖိုးမြင့်စားသောက်ကုန် ထုတ်လုပ်မှု နည်းပညာသင်တန်း ပို့ချလေ့လာသင်ယူခဲ့မှု မှတ်တမ်းဗီဒီယိုပြသမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# တီးတိန်မြို့၌ ခရစ္စမတ်မိတ်ဆုံစားပွဲပြုလုပ်

**တီးတိန် ဒီဇင်ဘာ ၂၄**

ချင်းပြည်နယ် တီးတိန်မြို့၌ ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် ဘာသာရေးခေါင်းဆောင်များ ခရစ္စမတ်မိတ်ဆုံစားပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ခရစ္စမတ်ရက်မြတ်သီချင်း သီဆိုကြပြီး တီးတိန်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်မှ သိက္ခာတော်ရဆရာတော် သွင်းခင်းပေါင်က အဖွင့်ဆုတောင်းမေတ္တာ ပို့သကာ တီးတိန်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းက နှုတ်ခွန်းဆက်စကား ပြောကြားခဲ့ပြီး ခုပ်အောက်မေ့ဖွယ်အသင်းတော် မှ သင်းအုပ်ဆရာတော် Rev ဝုန့်ဆွင်းမုန်က ခရစ္စမတ်ဒေသနာ ဟောကြားခဲ့သည်။

ယင်းနောက် ခရစ္စမတ်အတွက် အထူးဆုတောင်း မေတ္တာပို့သကာ ခရစ္စမတ်အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **မိုးမိုး**



# မြန်မာ့မီးရထားမှ နှစ်သစ်ကူးရုံးပိတ်ရက်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာ ခရီးသွားလာနိုင်ရေးအတွက် အထူးရထားခရီးစဉ်များ ပြေးဆွဲမည်

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် နှစ်သစ်ကူးရုံးပိတ်ရက် ကာလ အတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာ ခရီးသွားလာနိုင်ရေးအတွက် ရန်ကုန်-ပြည်-ရန်ကုန်နှင့် ရန်ကုန် - မော်လမြိုင် - ရန်ကုန် ခရီးစဉ်များကို ပုံမှန်ရထားများအပြင် အထူး ရထားများအား အောက်ပါ နေ့ရက်များအတိုင်း တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်သည်-

| စဉ် | နေ့ရက် | ရထားအမှတ် | ခရီးစဉ် | | ထွက်/ရောက်ချိန် | |
|---|---|---|---|---|---|---|
| | | | မှ | ထိ | ထွက်ချိန် | ရောက်ချိန် |
| ၁ | ၂၇-၁၂-၂၀၂၄ | အဆန်အထူး | ရန်ကုန် | မော်လမြိုင် | ၀၇:၄၅ | ၁၇:၄၅ |
| ၂ | ။ | အစုန်အထူး | မော်လမြိုင် | ရန်ကုန် | ၀၉:၁၅ | ၁၉:၁၀ |
| ၃ | ၂၈-၁၂-၂၀၂၄ | အဆန်အထူး | ရန်ကုန် | မော်လမြိုင် | ၀၇:၄၅ | ၁၇:၄၅ |
| ၄ | ။ | အစုန်အထူး | မော်လမြိုင် | ရန်ကုန် | ၀၉:၁၅ | ၁၉:၁၀ |
| ၅ | ။ | အဆန်အထူး | ရန်ကုန် | ပြည် | ၁၃:၀၀ | ၂၀:၅၅ |
| ၆ | ၁-၁-၂၀၂၅ | အစုန်အထူး | ပြည် | ရန်ကုန် | ၂၂:၃၀ | ၀၆:၃၀ |
| ၇ | ။ | အဆန်အထူး | ရန်ကုန် | မော်လမြိုင် | ၀၇:၄၅ | ၁၇:၄၅ |
| ၈ | ။ | အစုန်အထူး | မော်လမြိုင် | ရန်ကုန် | ၀၉:၁၅ | ၁၉:၁၀ |

အထက်ပါနေ့ရက်များအလိုက် အထူးရထားများအပြင် ရန်ကုန်-မန္တလေးလမ်းပိုင်းအတွင်း နေပြည်တော်-မန္တလေး-နေပြည်တော် ခရီးစဉ်အဖြစ် အမှတ်(၂၅)အဆန်/(၂၆)အစုန် RBE ရထားအား ဒီဇင်ဘာ၂၃ရက်မှစ၍ နေ့စဉ် တိုးချဲ့ပြေးဆွဲပေးလျက်ရှိရာ အမှတ်(၂၅)အဆန် RBE ရထားသည် နေပြည်တော်မှ မွန်းလွဲ ၁ နာရီ ထွက်ခွာ၍ မန္တလေးသို့ ည ၇ နာရီ ၄၅ မိနစ်တွင် လည်းကောင်း၊ အမှတ်(၂၆)အစုန် RBE ရထားသည် မန္တလေးမှ နံနက် ၄ နာရီ ၄၅ မိနစ်တွင် ထွက်ခွာ၍ နေပြည်တော်သို့ နံနက် ၁၁ နာရီခွဲတွင် လည်းကောင်း အသီးသီး ဆိုက်ရောက် /ထွက်ခွာပေးလျက်ရှိသည်။ ထို့အတူ သာစည်-မန္တလေး-သာစည် ခရီးစဉ်အဖြစ် နိုဝင်ဘာ ၁၁ ရက်မှစ၍ နေ့စဉ်တိုးချဲ့ပြေးဆွဲပေးလျက်ရှိသော အမှတ်(၃၀၁)အဆန် RBE ရထားသည် သာစည်မှ နံနက် ၅ နာရီ ခွဲတွင် ထွက်ခွာ၍ မန္တလေးသို့ နံနက် ၉ နာရီတွင် ရောက်ရှိမည်ဖြစ်ပြီး အမှတ်(၃၀၂) အစုန် RBE ရထားသည် မန္တလေးမှ မွန်းလွဲ၂ နာရီခွဲတွင်ထွက်ခွာ၍ သာစည်သို့ ညနေ ၆ နာရီတွင် ပြန်လည် ရောက်ရှိမည်ဖြစ်သည်။ ထို့အပြင် ခရီးသွားပြည်သူများ လိုက်ပါစီးနင်းမှုအပေါ် မူတည်၍ ရန်ကုန်-မန္တလေး-ရန်ကုန်ခရီးစဉ်အတွက် ပုံမှန်ပြေးဆွဲပေးလျက်ရှိသည့် ရထားများတွင် ဝန်ချိန်ပြည့် တွဲဆိုင်းများ တိုးချဲ့ ချိတ်ဆက်ပြေးဆွဲပေးသွားမည်ဖြစ်သည်။

ရထားစီးခရီးသွားပြည်သူများအတွက် ရထားလက်မှတ်များ လွယ်ကူစွာ ဝယ်ယူရရှိနိုင်ရေးအတွက် အထက်တန်းလက်မှတ်အား (၃)ရက်ကြိုတင်၍လည်းကောင်း၊ ရိုးရိုးတန်းလက်မှတ်အား (၁)ရက်ကြိုတင်၍ လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်ပြီး ရထားလက်မှတ်ခန္ဓန်းထားနှင့် ရပ်တန့်မည့်ဘူတာများမှာ ပုံမှန်ပြေးဆွဲပေးသည့် ရထားများအတိုင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့၏ အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ ကျင်းပရာ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌဒေါ်သန်းသန်းဆွေ တက်ရောက်သည်။



**ပြောကြား**

အစည်းအဝေးတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌက မြန်မာနိုင်ငံ၏ (၁၃) ကြိမ်မြောက် တိုးတက်မှု အစီရင်ခံစာအပေါ် ထပ်မံမေးမြန်းလာသည့် မေးခွန်းများနှင့်စပ်လျဉ်း၍ ပြည့်ပြည့်စုံစုံ ပြန်လည်ဖြေဆိုနိုင်ရန်နှင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပမည့် အာရှ-ပစိဖိတ်ပူးတွဲအဖွဲ့ (Asia Pacific Group-APJG) ၏ မျက်နှာစုံညီအစည်းအဝေးတွင် ထိရောက်စွာ ရှင်းလင်းဆွေးနွေးနိုင်ရေးအတွက် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များက ညှိနှိုင်းဆွေးနွေးရန် အစည်းအဝေး ခေါ်ယူရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုးတက်မှုအစီရင်ခံစာအပေါ် ထပ်မံမေးမြန်းသည့် မေးခွန်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနများက ရှင်းလင်းဆွေးနွေးကြသည်။

အစည်းအဝေးသို့ လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင် ဦးကျော်ဝင်းသိန်း၊ လုပ်ငန်းအဖွဲ့အတွင်းရေးမှူး ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ အဖွဲ့ခေါင်းဆောင်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် အရာရှိကြီးများ၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ဝင်များဖြစ်သည့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များ ဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ သစ်တောဦးစီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် (နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် (မှုခင်းနှင့် ဥပဒေရေးရာဌာနကြီး)၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ(၂၀၂၄-၂၀၂၈) ထုတ်ပြန်ကြေညာခြင်း အခမ်းအနားကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၂၄**

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ (၂၀၂၄-၂၀၂၈) ထုတ်ပြန်ကြေညာခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရုံးအမှတ်(၃၈) အမျိုးသားအရေးပေါ်ကာလ စီမံခန့်ခွဲမှု ဗဟို အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်၊ ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး၊ မဟာဗျူဟာနယ်ပယ်(၅)ရပ် အကောင်အထည်ဖော်မှုကြီးကြပ်ရေး ကော်မတီများမှ ကော်မတီဝင်များနှင့် မဟာဗျူဟာကို အကောင်အထည်ဖော် ဆောင်ရွက်ရမည့် ဌာနများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်က ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့အနေဖြင့် ငွေကြေးခဝါချမှုများမှ တစ်ဆင့် နိုင်ငံတော်၏အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများကို ဝင်ရောက် စွက်ဖက်ခြင်းမှ ကာကွယ်ရန်အတွက် ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုနှင့် လူအများအပြား သေကျေစေသည့် လက်နက်များ ပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများနှင့်အညီ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးသည် အဖွဲ့အစည်းတစ်ခုတည်းကဆောင်ရွက်ရသည့် ကိစ္စမဟုတ်ဘဲ သက်ဆိုင်ရာဌာနများက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ရမည့် ကိစ္စရပ်ဖြစ်သည့်အတွက် အမျိုးသားအဆင့်မဟာဗျူဟာကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်စေရန် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ အနေဖြင့် မိမိတို့နှင့်သက်ဆိုင်သည့် ကိစ္စရပ်တစ်ရပ်ချင်းအလိုက် အကောင်အထည်ဖော် ဆောင်ရွက်မည့် အစီအမံများ ရေးဆွဲဆောင်ရွက်ပြီး ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ (၂၀၂၄-၂၀၂၈) ကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ဆက်လက်၍ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ငွေကြေးဆိုင်ရာ စုံစမ်း ထောက်လှမ်းရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ရဲမှူးချုပ် ဇော်လင်းထွန်းက ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ (၂၀၂၄-၂၀၂၈) ကို ရှင်းလင်းတင်ပြရာ တက်ရောက်လာသူများက ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဝိုင်းဝန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ဇီဝဗေဒဘာသာရပ် သိကောင်းစရာများ

ဒေါက်တာသက်သက်မာဝင်း၊ ပါမောက္ခ၊ ရုက္ခဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်

**၂၀၂၄ – ၂၀၂၅ ပညာသင်နှစ် သင်ရိုးသစ် Grade 12 ဇီဝဗေဒဘာသာရပ်ကို လေ့လာသင်ယူနေကြတဲ့ ကျောင်းသား ကျောင်းသူများအားလုံး စာမေးပွဲမှာ လွယ်ကူချောမောစွာ ဖြေဆိုနိုင်ကြဖို့အတွက် ရည်ရွယ်ပြီး လမ်းညွှန်ပြထားတဲ့ ဇီဝဗေဒ မေးခွန်းပုံစံဆိုင်ရာ သိကောင်းစရာများ အကြောင်း ပို့ချသွားမှာ ဖြစ်ပါတယ်။ Grade 12 Biology Textbook မှာ ပါဝင်တဲ့ အခန်း ၁ မှ ၆ အထိ ပြဋ္ဌာန်းထားသော အကြောင်းအရာများ အားလုံးဟာ ဇီဝဗေဒဘာသာရပ်နဲ့ ပတ်သက်ပြီး သိရှိရမယ့်အချက်များကို ပြဋ္ဌာန်းထားတာဖြစ်တဲ့အတွက် သေချာကျေညက်အောင် လေ့လာ ကျက်မှတ်ခြင်းအားဖြင့် မေးခွန်းအားလုံးကို အခက်အခဲမရှိဘဲ ချောချောမောမောဖြင့် ထူးချွန်အောင်မြင်စွာ ဖြေဆိုနိုင်ကြမှာဖြစ်ပါတယ်။**

Grade 12 ဇီဝဗေဒဘာသာရပ်ရဲ့ မေးခွန်းပုံစံမှာ Section– A နှင့် Section– B နှစ်ပိုင်းအတွက် (Question No. 1 – 5) စုစုပေါင်း (၅) ပုဒ် ပါဝင်ပါတယ်။ အမှတ်ခွဲဝေမှုမှာ Section– A အတွက် (၃၀) မှတ်၊ Section– B အတွက် (၇၀) မှတ် ဖြစ်ပါတယ်။ Grade 12 ဇီဝဗေဒ ဘာသာရပ်ရဲ့ စာမေးပွဲ မေးခွန်းပုံစံကို ဇယားဖြင့် ဖော်ပြထားပါတယ်။

Grade 12 ဇီဝဗေဒဘာသာရပ် မေးခွန်းပုံစံ

| | | | | |
|---|---|---|---|---|
| Section – A | | | | |
| 1. | TRUE or FALSE | 1 mark each | 10 statements | 10 marks |
| 2. | Completion | 1 mark each | 10 statements | 10 marks |
| 3. | Multiple Choice | 1 mark each | 10 statements | 10 marks |
| Section – B | | | | |
| 4. | Short Questions | 5 marks each | 6 questions | 30 marks |
| 5. | Long Questions | 10 marks each | 4 out of 6 questions | 40 marks |

Grade 12 ဇီဝဗေဒဘာသာရပ်ရဲ့ မေးခွန်းပုံစံ Section – A မှာပါဝင်တဲ့ မေးခွန်း နံပါတ် (၁) (၂) (၃) နှင့် Section – B မှာပါဝင်တဲ့ မေးခွန်း နံပါတ် (၄) (၅) တို့ဖြင့် စုစုပေါင်း ငါးပုဒ် (Question No. 1 – 5) ပါရှိမှာဖြစ်ပါတယ်။ မေးခွန်းဖွဲ့စည်းတည်ဆောက်ရာမှာ Grade 12 Biology Textbook မှ Chapter 1 – 6 အထိ ပါဝင်ကြတဲ့ ရုက္ခဗေဒ နှင့် သတ္တဗေဒဘာသာရပ်များမှ အကြောင်းအရာတွေကို မေးခွန်း အမှတ်စဉ် (Question No. 1 – 5) အတွက် Chapter အစဉ်လိုက် သော်လည်းကောင်း၊ Chapter အစဉ်လိုက်မဟုတ်ဘဲသော် လည်းကောင်း မေးခွန်းတည်ဆောက်နိုင်ပါတယ်။ မေးခွန်းများသည် ကျောင်းသား ကျောင်းသူများအတွက် သင်ယူခြင်းနဲ့ ပူးပေါင်းဆောင်ရွက်ခြင်း၊ ဝေဖန်ပိုင်းခြားတွေးခေါ်ခြင်းနဲ့ ပြဿနာဖြေရှင်းခြင်း၊ တီထွင်ဖန်တီးမှုနဲ့ ဆန်းသစ်မှုအရည်အသွေးများ ကောင်းမွန်မြင့်မားမှုကို ဦးတည်၍ လွယ်ကူလွန်းခြင်း၊ ခက်ခဲလွန်းခြင်းမရှိစေဘဲ ကျောင်းသား ကျောင်းသူများ၏ အရည်အချင်းအလိုက် လျော်ညီစွာ ဖြေဆိုနိုင်မည့် မေးခွန်းများဖြင့် ဖွဲ့စည်းတည်ဆောက်ထားမှာ ဖြစ်ပါတယ်။

Section – A မှာပါဝင်တဲ့ မေးခွန်းနံပါတ် (၁) (၂) နဲ့ (၃) မှာ လုံးဝရွေးချယ် ပိုင်ခွင့်မရှိပါဘူး။

**မေးခွန်းနံပါတ် (၁)** တွင်အမှား (သို့မဟုတ်) အမှန် ဖြေဆိုခြင်း (TRUE or FALSE) မေးခွန်းပုဒ်ခွဲငယ် (၁၀) ခု No. (i – x) အတွက် တစ်ခုလျှင် တစ်မှတ်စီဖြင့် ပေးမှတ် (၁၀) မှတ် ဖြစ်ပါတယ်။ TRUE or FALSE statements ဖော်ပြချက်တွေဟာ Grade 12 Biology မှာ ပြဋ္ဌာန်းထားတဲ့ အကြောင်းအရာများအပေါ် နားလည်သဘောပေါက်မှု ကို အခြေခံပြီး ဦးစားပေး မေးထားတာဖြစ်ပါတယ်။ ကောက်နုတ်ထား တဲ့ Statement များအနေနဲ့ ဖတ်စာအုပ်မှ တိုက်ရိုက် ကောက်နုတ်ထား တာရှိသလို Own construction နဲ့မေးထားတဲ့ statement များလည်း ရှိမှာ ဖြစ်ပါတယ်။ မေးခွန်းနံပါတ် (၁) TRUE or FALSE statements ကို ဖြေဆိုဖို့ Statement ဟာ အားလုံးမှန်ကန်ပြီး မိမိသိရှိထားတဲ့ အကြောင်းအရာနဲ့ ကိုက်ညီရင် TRUE ဖြစ်ပြီး ကွဲလွဲမှုရှိရင် FALSE ဖြစ်၍ အဖြေများကို all capital letter နဲ့ရေးလျှင် ပိုကောင်းပါတယ်။ သို့သော် မည်သို့ပင်ဖြေဖြေ အဖြေမှန်လျှင် အမှတ်ရမည်ဖြစ်ပြီး အဖြေ နှစ်မျိုးရေးခဲ့လျှင် လုံးဝအမှတ်မပေးပါ။

**မေးခွန်းနံပါတ် (၂)** ကွက်လပ်ဖြည့်ခြင်း (Completion) တွင် မေးခွန်း ပုဒ်ခွဲငယ် (၁၀) ခု No. (i – x) အတွက်တစ်ခုလျှင် တစ်မှတ်စီ နဲ့ ပေးမှတ် (၁၀) မှတ်ဖြစ်ပါတယ်။ မေးခွန်းနံပါတ် (၂) ရဲ့ Completion statement များအတွက် ကွက်လပ်ချန်ထားတဲ့နေရာမှာ မှန်ကန်တဲ့ အဖြေစကားလုံး (Word) ကို စာလုံးပေါင်း (Spelling) မှန်မှန်နဲ့ဖြေဆို ပေးရမှာဖြစ်ပါတယ်။ ဖြည့်စွက်မယ့် အဖြေစကားလုံးရဲ့ Tense ကို ဂရုစိုက်ဖို့လိုသလို သိပ္ပံအမည်များ (Scientific name) ကို ရေးသား ဖော်ပြခိုင်းရင်တော့ မျိုးစု (Genus) ၏ အစစာလုံးကို Capital letter နဲ့ စရေးပြီး 'Genus နှင့် species' တစ်ခုစီကို မျဉ်းသားပေးဖို့ လိုအပ်ပါတယ်။ စာလုံးပေါင်းများကိုလည်း အမှားအယွင်းမရှိအောင် သတိထားပြီး ရေးသားကျက်မှတ်ရပါမယ်။

**မေးခွန်းနံပါတ် (၃)** အဖြေမှန်ရွေးချယ်ခြင်း (Multiple Choice) တွင် မေးခွန်းပုဒ်ခွဲငယ် (၁၀) ခု (i – x) အတွက် တစ်ခုလျှင် တစ်မှတ်စီ နဲ့ ပေးမှတ် (၁၀) မှတ် ဖြစ်ပါတယ်။ မေးခွန်းနံပါတ် (၃) Multiple Choice ဖြေဆိုရာမှာ အဖြေမှန် (Correct answer) ကို ရွေးချယ်ရန် စကားလုံး (၄) လုံး (A, B, C, D) ထဲက တစ်လုံးကို ပုဒ်ခွဲငယ်နံပါတ်နဲ့ အတူ ဖော်ပြဖြေဆိုရမှာဖြစ်တယ်။ နောက်ကအဖြေမှန် စကားလုံးကို ရေးသားဖော်ပြရန် မလိုပါ။

မေးခွန်းနံပါတ် (၁) (၂) (၃) Objectives မေးခွန်းတွေ ဖြေဆိုရာမှာ စာကြောင်း (Statements) တွေကို ပြန်ကူးရေးစရာ မလိုပါဘူး။ Objectives Statements (၃၀) ကို မှန်ကန်အောင် ဖြေဆိုနိုင်ဖို့ကတော့ ကျောင်းသား ကျောင်းသူများအနေနဲ့ သင်ရိုးပါအကြောင်းအရာတွေကို နှုတ်တိုက်ကျက်မှတ်မည့်အစား အကြောင်းအရာရဲ့ အနှစ်သာရကို အဓိပ္ပာယ်ရှိစွာနဲ့ ဆက်စပ်တွေးခေါ်ပြီး သဘောပေါက်နားလည်အောင် မှတ်သားထားမှသာ လွယ်လင့်တကူဖြေဆိုနိုင်မှာ ဖြစ်တယ်။ Objectives မေးခွန်းတွေဟာ နားလည်သဘောပေါက်မှုနဲ့ စဉ်းစား တွေးခေါ်ယူဆမှုကို အခြေခံတဲ့အတွက် သေချာလေ့လာမှတ်သားဖို့ လိုတယ်။ အဓိကပါဝင်တတ်တဲ့ မေးခွန်းတွေက ပြဋ္ဌာန်းစာအုပ်ပါ အဓိပ္ပာယ်ဖွင့်ဆိုချက် (Definition) များနဲ့ Statements များ ဖြစ်တယ်။ ရွေးချယ်ဖြေဆိုစရာမရှိတဲ့အတွက် အမှတ်ပြည့်ရလိုသူများ အနေနဲ့ Grade 12 Biology ပြဋ္ဌာန်းစာအုပ်တစ်အုပ်လုံးကို ခြုံငုံ လေ့လာဖတ်ရှုထားဖို့ လိုပါမယ်။ မေးခွန်းနံပါတ် ၁၊ ၂ နဲ့ ၃ Objectives မေးခွန်းမျိုးကိုဖြေတဲ့အခါ ပထမဆုံး ဆင့်ပွားမေးခွန်းငယ် နံပါတ်တွေ မှားတပ်ခြင်းနဲ့ နံပါတ်ပိုခြင်း၊ လိုခြင်းမရှိစေရန် ဂရုစိုက်ဖို့နဲ့ နံပါတ် ရေးချပြီးမှ Statements များကို သေချာစွာဖတ်ရှုပြီး မိမိအနေနဲ့ သေချာ မှန်ကန်တဲ့အဖြေတွေကို သက်ဆိုင်ရာနံပါတ်အားမှာ ဖြေဆိုဖို့ လိုအပ်ပါတယ်။

Section – B မှာ မေးခွန်းနံပါတ် (၄) မေးခွန်းတို No. 4 (Short questions) နဲ့ မေးခွန်းနံပါတ် (၅) မေးခွန်းရှည် No. 5 (Long questions) တွေပါဝင်မှာဖြစ်ပါတယ်။

**မေးခွန်းနံပါတ် (၄)** တွင် မေးခွန်းပုဒ်ခွဲငယ် (၆) ပုဒ် (a – f) အတွက် ပုဒ်ခွဲငယ် တစ်ခုလျှင် ငါးမှတ်စီဖြင့် ပေးမှတ် (၃၀) မှတ် ဖြစ်ပါတယ်။ မေးခွန်း နံပါတ် (၄) အတွက် (Answer ALL questions) မေးခွန်း အားလုံးကို ဖြေဆိုရမှာဖြစ်ပြီး လုံးဝရွေးချယ်ပိုင်ခွင့်မရှိပါဘူး။ မေးခွန်း နံပါတ် (၄) မေးခွန်းတို ဖြေဆိုရာမှာ မေးခွန်းတွေကို သေချာစွာဖတ်ရှု ပြီး တိုတိုနဲ့လိုရင်းကိုသာ ဖြေဆိုရမှာ ဖြစ်တဲ့အတွက် မေးခွန်းက မေးထားတဲ့ အဖြေပေါ်မူတည်ပြီး ကိုက်ညီမှန်ကန်မှုရှိတဲ့ ဖြေဆိုမှု ပြုလုပ်နိုင်ဖို့ လိုအပ်ပြီး သို့မှသာ အမှတ်ပြည့်ရရှိနိုင်မှာဖြစ်ပါတယ်။

**မေးခွန်းနံပါတ် (၅)** (Long questions) တွင် (Answer any FOUR questions) ဟူ၍ ရွေးချယ်ပိုင်ခွင့်ရှိတဲ့ မေးခွန်းပုဒ်ခွဲငယ် (၆) ပုဒ် No. (a – f) မေးထားပြီး နှစ်သက်ရာ (၄) ပုဒ် ရွေးချယ်ဖြေဆိုရမှာ ဖြစ်ပါတယ်။ မေးခွန်းရှည် (Long questions) မှာ ဘာသာရပ်ဆိုင်ရာ တတ်ကျွမ်းနားလည်မှုကို ဖြေဆိုရမှာဖြစ်ပြီး ဆက်လက်လေ့လာမယ့် အဆင့်မြင့် ဘာသာရပ်များကို အထောက်အကူဖြစ်စေဖို့ ရည်ရွယ်ပါတယ်။ မေးခွန်းနံပါတ် (၅) မှာ ရွေးချယ်ဖြေဆိုပိုင်ခွင့်ရှိတဲ့ မေးခွန်းမျိုး ကို ဖြေဆိုရာတွင် မိမိကျွမ်းကျင်စွာ ဖြေဆိုနိုင်မည့်၊ အမှတ်ပြည့်ရနိုင် မည့် မေးခွန်းမျိုးကို ရွေးချယ်ဖြေဆိုကြရန်နဲ့ မေးခွန်းအရွေး မမှားစေ ဖို့ အထူးသတိပြုကြရန် အရေးကြီးပါတယ်။ မေးခွန်းတွေမှာ ပုံဆွဲခိုင်း ခဲ့ရင် အချိုးကျသပ်ရပ်တဲ့ပုံနဲ့ အညွှန်း (Labels) မျဉ်းအတွက် ခဲတံကို အသုံးပြုပြီး ပြည့်စုံမှန်ကန်တဲ့အညွှန်း Labels နဲ့ ပုံခေါင်းစဉ် Caption တွေအတွက် ဘောလ်ပင်နဲ့ တပ်ပေးလျှင် ပိုကောင်းပါတယ်။ ဒါကြောင့် သင်ခန်းစာများကို လေ့လာတဲ့အခါသရုပ်ဖော်ပုံနဲ့တွဲပြီး လေ့လာဖို့လို သလို Word diagram နဲ့ Table များကိုပါ လေ့လာဖို့လိုတယ်။

Grade 12 ဇီဝဗေဒဘာသာရပ်သင်ရိုးမှာပါတဲ့သင်ခန်းစာများကို လေ့လာကြည့်ရင် အခန်း ခြောက်ခန်း (Chapter 1 – 6) ပါဝင်ပါတယ်။

**Chapter 1 INTRODUCTION TO BIOLOGY** တွင် THEMES OF BIOLOGY ၌ ဇီဝဗေဒကို ကျယ်ပြန့်စွာ ပိုင်းခြားထားတဲ့ အဓိက အကြောင်းအရာငါးခု (Themes 1 – 5) နဲ့ ဆက်လက်ပြီး IMPORTANCE OF BIOLOGY IN DAILY LIFE လူတို့၏ နေ့စဉ်ဘဝတွင် ဇီဝဗေဒ၏ အရေးပါမှုနှင့် စပ်လျဉ်း၍ လူတို့၏ အသက်ရှင်ရပ်တည်မှုတွင် အဓိက ကျသော စားနပ်ရိက္ခာအရင်းအမြစ်များအတွက် စိုက်ပျိုးရေး (Agriculture, Horticulture and Hydroponic Culture)၊ မွေးမြူရေး (Aquaculture and Livestock)၊ လူတို့၏ အသက်ရှင်သန်မှုအတွက် အစားအစာ (Food)၊ ကျန်းမာရေးနှင့်ဆေးဝါးအသုံးပြုခြင်း (Health and Medicine)ကျန်းမာသော နေထိုင်မှုဘဝအတွက် အဝတ်အထည် နှင့် အမိုးအကာပြုလုပ်ရာတွင် အသုံးပြုသည့် အပင်များနှင့် ဆက်စပ် လုပ်ငန်းများ (Clothing and Shelter) စသည့် အကြောင်းအရာများ ကိုလေ့လာကြရမှာဖြစ်ပါတယ်။

**Chapter 2 MOLECULAR BIOLOGY** ၏ INTRODUCTION TO MOLECULAR BIOLOGY ၌ သက်ရှိဆဲလ် အားလုံးတွင် မရှိမဖြစ်ပါဝင် ပြီး သက်ရှိတို့၏ မျိုးရိုးဆက်ခံသော လက္ခဏာများကို အဆုံးအဖြတ် ပေးသည့်မော်လီကျူး ၂ ခုဖြစ်သော DNA (Deoxyribonucleic acid) နှင့် RNA (Ribonucleic acid) တည်ဆောက်ဖွဲ့စည်းပုံ၊ DNA ၏ အခန်း ကဏ္ဍနှင့် ၎င်း၏ပုံတူပွားခြင်း သဘောသဘာဝ (DNA replication)၊ GENETIC CODE မျိုးရိုးဗီဇကုဒ်၊ PROTEIN SYNTHESIS သက်ရှိ ဆဲလ်အတွင်း ပရိုတင်းပေါင်းစပ်ဖွဲ့စည်းခြင်းဖြစ်စဉ်နှင့် ပါဝင်သော လုပ်ငန်းစဉ်များ၊ SOME TECHNIQUES IN MOLECULAR BIOLOGY အပင်နှင့်တိရစ္ဆာန်အား မျိုးရိုးဗီဇဆိုင်ရာပြုပြင်ထားသော မော်လီကျူး ဇီဝဗေဒဆိုင်ရာ နည်းပညာအကြောင်းအရာများကို စိတ်ဝင်စားဖွယ် လေ့လာကြရမှာ ဖြစ်ပါတယ်။

**Chapter 3 TRANSPORT SYSTEM IN ORGANISMS** ရှိ TRANSPORT SYSTEM IN PLANTS တွင် TRANSPORT SYSTEM IN PLANTS အပင်များ၏ သယ်ယူပို့ဆောင်ရေး စနစ်ရှိ

– သယ်ယူပို့ဆောင်ရေး တစ်ရှူးများ (xylem နှင့် phloem) တည်ဆောက်ပုံ

– TRANSPORT MECHANISMS IN PLANTS အပင်များ၏ အစာ၊ ရေ နှင့် inorganic ions များကို ပို့ဆောင်ပေးသည့် လုပ်ငန်းယန္တရားများ၊ TRANSPIRATION ပင်ငွေ့ပြန်ခြင်းတွင် Factors Affecting Transpiration ပင်ငွေ့ပြန်ခြင်းအပေါ်သက်ရောက်သည့် အချက်များ၊ Benefits of Transpiration ပင်ငွေ့ပြန်ခြင်း အကျိုးကျေးဇူးများ၊ Demonstration of Transpiration Pull ပင်ငွေ့ပြန်ခြင်းဆွဲအားကို သရုပ်ဖော်ပြသခြင်း၊TRANSLOCATION အပင်များအတွင်း အစာ အာဟာရ၊ ရေနှင့် ဟော်မုန်းပစ္စည်းများ ရွေ့လျားရွှေ့ပြောင်းခြင်းဖြစ်စဉ် အကြောင်းအရာများကို လေ့လာကြရမှာဖြစ်ပါတယ်။ ဆက်လက်၍ TRANSPORT SYSTEM IN ANIMALS သတ္တဝါများရှိ သယ်ယူပို့ဆောင် ရေးစနစ်တွင် Principles of Circulation သတ္တဝါများရှိ သွေးလည်ပတ် မှုစနစ်သည် အစုလိုက်သယ်ယူပို့ဆောင်ရေး (mass transport) ပုံစံ ဖြစ်ပြီး အရာဝတ္ထုများကို ခန္ဓာကိုယ်အနှံ့ အရည်စီးဆင်းမှုပုံစံယန္တရား အသွင်ဖြင့် ပို့ဆောင်ပေးသည့် အစီအစဉ်ဖြစ်ပါတယ်။ The Need for Transport ခန္ဓာကိုယ်အနှံ့ သယ်ယူပို့ဆောင်ရာတွင် လိုအပ်ချက်များ၊ Features of Mass Transport System ခန္ဓာကိုယ်တစ်လျှောက်ရှိ အရာဝတ္ထုများကို ရွှေ့ပြောင်းရန် ထိရောက်မှုရှိသည့် Mass Transport System ၏ လက္ခဏာရပ်များကို လေ့လာကြရမှာ ဖြစ်ပါတယ်။

စာမျက်နှာ ၁၇ သို့❖

❖ စာမျက်နှာ ၁၆ မှ

CIRCULATORY SYSTEM သွေးလည်ပတ်မှုစနစ်တွင် Open circulatory system (အဖွင့်သွေးလည်ပတ်မှုစနစ်) နှင့် Closed circulatory system (အပိတ်သွေးလည်ပတ်မှုစနစ်) အဓိကအမျိုးအစား နှစ်မျိုးရှိပါတယ်။ CARDIOVASCULAR SYSTEM IN MAMMALS နို့တိုက်သတ္တဝါများ၏ နှလုံးသွေးလည်ပတ်မှုတွင် သွေးကြောများမှ တစ်ဆင့်သွေးများ ရွေ့လျားနိုင်ရန် ရေပန့်စက်ကဲ့သို့ ဆောင်ရွက်ပေးသည့်နှလုံး၏ ဖွဲ့စည်းတည်ဆောက်ပုံ (The Structure of the Heart)၊ The Blood Vessels သွေးလွှတ်ကြော၊ သွေးပြန်ကြော၊ ဆံချည်မျှင်သွေးကြောများ၊The components of the Blood သွေးတွင်းပါဝင်ပစ္စည်းများ၊ The Clotting of the Blood ထိခိုက်ဒဏ်ရာရသည့် နေရာမှ သွေးများစုပုံလာ၍ သွေးတိတ်စေသောဖြစ်စဉ်၊ The Cardiac Cycle နှလုံးခုန်ခြင်းဖြစ်စဉ်၊ Control of Heart Beat နှလုံးခုန်နှုန်းအား ထိန်းချုပ်ခြင်းအကြောင်းအရာများနဲ့ LYMPHATIC SYSTEM ဆံချည်မျှင်သွေးကြောများနှင့် ဆဲလ်များ၏ အကြားတွင်ရှိသော တစ်ရှူးရည်၏ အခန်းကဏ္ဍ စသည့်အကြောင်းအရာများကို စိတ်ဝင်စားဖွယ်လေ့လာကြရမှာ ဖြစ်ပါတယ်။

**Chapter 4 DISEASES IN PLANTS AND ANIMALS** တွင် PLANT DISEASES အပင်ရောဂါများကို အများအားဖြင့် ပုံမှန်မဟုတ်သော ကြီးထွားမှု (abnormal growth) နှင့် /သို့မဟုတ် အပင်၏ ကမောက်ကမဖြစ်မှု (dysfunction) အဖြစ် သတ်မှတ်ပါတယ်။ Biotic diseases သက်ရှိများ (ဥပမာ- မှို၊ ဗက်တီးရီးယားနှင့် ဗိုင်းရပ်စ်များ) ကြောင့်ဖြစ်သည့် အပင်ရောဂါ အမျိုးအစားများနှင့် Abiotic diseases သက်ရှိမဟုတ်သော ပတ်ဝန်းကျင်အခြေအနေများ (ဥပမာ- မြေဆီလွှာကျုံ့ခြင်း၊ လေ၊ နှင်းခဲ၊ မြေဆီလွှာဆားများ ပျက်စီးခြင်း) ကြောင့်ဖြစ်သည့် အပင်ရောဂါ အမျိုးအစားများရှိကြတယ်။ Disease Causing Factors ရောဂါဖြစ်စေသော အကြောင်းရင်းများ၊ အပင်ရောဂါများ၏ Signs and Symptoms ရောဂါလက္ခဏာများ၊ Types of Pathogens အပင်ရောဂါပိုး အမျိုးအစားများနှင့် Control of Plant Diseases အပင်များတွင် ကျရောက်သော ရောဂါပိုးမွှားများကို ထိန်းချုပ်ခြင်းများအား ကဏ္ဍအလိုက် သင်ကြားကြရမှာ ဖြစ်ပါတယ်။ ANIMAL DISEASES ဆိုသည်မှာ ခန္ဓာကိုယ် (သို့မဟုတ်) စိတ်၏နာမကျန်းမှု (သို့မဟုတ်) စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းမှုကိုဖြစ်စေသော ရောဂါများကို ဆိုလိုပါတယ်။ ANIMAL DISEASE များကို မကူးစက်နိုင်သော ရောဂါအမျိုးအစားများ Non-infectious Diseases နှင့် ကူးစက်နိုင်သောရောဂါ အမျိုးအစားများ Infectious Diseases ဟု ခွဲခြားနိုင်ပါတယ်။ မကူးစက်နိုင်သောရောဂါအမျိုးအစားများ Non-infectious Diseases တွင် နှလုံးသွေးကြောဆိုင်ရာ ရောဂါကာကွယ်ခြင်းနှင့် ကုသခြင်းဆိုင်ရာ အကြောင်းအရာများ ပါဝင်ကြပါတယ်။ ကူးစက်နိုင်သော ရောဂါအမျိုးအစားများ Infectious Diseases တွင် နမူနာအဖြစ် ငှက်ဖျားပိုး Plasmodium ကူးစက်ခြင်း၊ ငှက်ဖျားပိုး၏ ဘဝစက်ဝန်း Life cycle of Plasmodium၊ ငှက်ဖျားရောဂါကုသခြင်း၊ ကာကွယ်ခြင်း၊ ကမ္ဘာ့တစ်ဝန်း ငှက်ဖျားရောဂါထိန်းချုပ်မှု အကြောင်းအရာများကို စိတ်ဝင်စားဖွယ်လေ့လာသင်ကြားကြရမှာဖြစ်ပါတယ်။

**Chapter 5 COORDINATION AND RESPONSE** သည် အပင်နှင့် တိရစ္ဆာန်များတွင် ပေါင်းစပ်ညှိနှိုင်းမှု၊ တုံ့ပြန်မှုများနှင့် သက်ဆိုင်သည့် အကြောင်းအရာများပါဝင်ပြီး COORDINATION AND RESPONSE IN PLANTS အပင်၏ အစိတ်အပိုင်းများအကြား ပေါင်းစပ်ညှိနှိုင်းမှုနှင့် တုံ့ပြန်မှု အပြန်အလှန်အကျိုးသက်ရောက်ပုံ အကြောင်းအရာများကို စိတ်ဝင်စားဖွယ် လေ့လာကြရမှာ ဖြစ်တယ်။ PLANT GROWTH AND DEVELOPMENT အပင်ကြီးထွားမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု၌ Plant Growth Regulators အပင်ကြီးထွားမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု၏ ရှုထောင့်အမျိုးမျိုးကို ထိန်းချုပ်သည့် အပင်ဟော်မုန်း၏ အဓိကအမျိုးအစား ငါးမျိုးရှိတယ်။ Auxins, gibberellins, cytokinins, ethylene နှင့် abscisic acid တို့ဖြစ်ကြတယ်။ ဤဟော်မုန်းတစ်ခုစီဟာ အပင်ကြီးထွားမှုနဲ့ ဖွံ့ဖြိုးမှုအပေါ် တိကျသောအကျိုးသက်ရောက်မှုများရှိကြတယ်။ Seed Dormancy အစေ့ငုတ်ခြင်း၊ Seed Germination အစေ့ပေါက်ခြင်းနှင့် အမျိုးအစား (၃)မျိုး Photoperiodism ပန်းပွင့်စေရန် အပင်မှ လိုအပ်သော အလင်းနှင့် အမှောင်၏ ကာလနှင့် အလင်းကာလပေါ်မူတည်၍ အပင်အမျိုးအစား (၃) မျိုး ခွဲခြားခြင်း Photomorphogenesis အပင်များ အလင်းရောင်ကို တုံ့ပြန်ပြီး ကြီးထွားသည့်ဖြစ်စဉ်နှင့် အရေးပါပုံ စသည့်အကြောင်းအရာများကို စိတ်ဝင်စားဖွယ်လေ့လာကြရမှာဖြစ်ပါတယ်။ COORDINATION AND RESPONSE IN ANIMALS တိရစ္ဆာန်များတွင် ညှိနှိုင်းခြင်းနှင့် တုံ့ပြန်မှုအပိုင်းမှာ ပတ်ဝန်းကျင်နှင့် အမူအကျင့်များကို တုံ့ပြန်ပြီး ညှိနှိုင်းနိုင်စွမ်းသည် အသက်ရှင်ရပ်တည်မှုအတွက် အရေးကြီးပြီး တိရစ္ဆာန်များကို ပြောင်းလဲနေသောအခြေအနေများနှင့် လိုက်လျောညီထွေဖြစ်အောင် လုပ်ဆောင်နိုင်စေတယ်။ Human Nervous System လူ့အာရုံကြောစနစ်တည်ဆောက်ပုံ Structure of Neurones မတူညီသော Neurones အမျိုးအစားများနှင့် ၎င်းတို့၏ လုပ်ငန်းဆောင်တာများ Synapses ၏ တည်ဆောက်ပုံနှင့် လုပ်ဆောင်ချက်များ SENSE ORGANS သက်ရှိများ အသက်ရှင်ရပ်တည်နိုင်ရန် ပတ်ဝန်းကျင်၏ ပြောင်းလဲမှုများကို သိရှိပြီး သင့်လျော်စွာ တုံ့ပြန်ရမည်ဖြစ်ပြီး အပြောင်းအလဲများကို ထောက်လှမ်းရန် လူသားများနှင့် အခြားသက်ရှိများတွင် အဆင့်မြင့်ဖွံ့ဖြိုးစွာ ပါရှိနေသည့် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာနှင့် အရေပြားတို့ကဲ့သို့သော အာရုံခံအင်္ဂါများမှ Structure of human eye and mechanism of vision လူ့မျက်လုံးဖွဲ့စည်းပုံနှင့် အမြင်အာရုံဆိုင်ရာယန္တရား၊ THE ENDOCRINE SYSTEM ၌ Endocrine glands Hormones လူ့ခန္ဓာကိုယ်ရှိ endocrine ဂလင်းများ၏ တည်နေရာနှင့် ဟော်မုန်းများ၏ အခန်းကဏ္ဍ Comparison between Nervous System and Endocrine System လူ့ခန္ဓာကိုယ်ရှိ အာရုံကြောစနစ်နှင့် endocrine စနစ်အကြား နှိုင်းယှဉ်လေ့လာမှုဇယား စသည့်ခေါင်းစဉ်များဖြင့် စိတ်ဝင်စားဖွယ်လေ့လာကြရမှာဖြစ်ပါတယ်။

**Chapter 6 BIODIVERSITY AND CONSERVATION** မှာ ဤစာအုပ်၏ နောက်ဆုံးအခန်းဖြစ်ပြီး ဇီဝမျိုးစုံမျိုးကွဲများနဲ့ ထိန်းသိမ်းစောင့်ရှောက်ရေးအကြောင်းဖြစ်ပါတယ်။ သဘာဝတွင် ဇီဝမျိုးစုံမျိုးကွဲများသည် အဘယ်ကြောင့် အရေးကြီးရသနည်းဆိုသည့် အကြောင်းအရာ၊ အချက်အလက်များကို သေချာစွာ လေ့လာကြရမှာဖြစ်ပါတယ်။ ဇီဝမျိုးစုံမျိုးကွဲများကို ဒေသတစ်ခု၏ မျိုးဗီဇ၊ မျိုးစိတ်များနှင့် ဂေဟစနစ်စုစုပေါင်းအဖြစ် သတ်မှတ်နိုင်ပါတယ်။ ဇီဝမျိုးစုံမျိုးကွဲများ ဟန်ချက်ညီစွာ ရှင်သန်ကြီးထွားပေါက်ပွားနိုင်မှုကို ထိန်းသိမ်းစောင့်ရှောက်ပေးခြင်းသည် သက်ရှိများ၏ ဘဝရှင်သန်နေထိုင်မှုနှင့် သဘာဝဂေဟစနစ်နှစ်ခုလုံးတွင် အရေးပါသော အခန်းကဏ္ဍမှာပါဝင်ပါတယ်။ Levels of Biodiversity ဇီဝမျိုးစုံတို့၏ မတူကွဲပြားသော အဆင့်များ၊ Importance of Biodiversity ဇီဝမျိုးစုံမျိုးကွဲများ၏ အရေးပါမှု၊ Biodiversity in Myanmar တွင် Forest Diversity မြန်မာနိုင်ငံရှိ သစ်တောအမျိုးအစားများနှင့် Endangered Species မျိုးသုဉ်းလုနီးပါး ဇီဝမျိုးစိတ်များ၊ THREATS TO BIODIVERSITY ဇီဝမျိုးစုံမျိုးကွဲများအား မျိုးသုဉ်းလုနီးပါးခြိမ်းခြောက်ခံနေရသော အကြောင်းတရားများ၌ Habitat Destruction ဇီဝမျိုးစုံမျိုးကွဲများ၏ နေထိုင်ရာများပျက်စီးခြင်း၊Invasive Alien Species (IAS) ဒေသရင်းမဟုတ်သောမျိုးစိတ်များ ဝင်ရောက်လာခြင်း၊ Genetic Pollution ဗီဇညစ်ညမ်းမှုဖြစ်ခြင်း (ဥပမာ-မျိုးစပ်ခံရခြင်း၊ မျိုးရိုးဗီဇရောယှက်ခြင်း)၊ Overexploitation ဇီဝမျိုးစုံမျိုးကွဲမျိုးစိတ်များအား အလွန်အကျွံထုတ်ယူသုံးစွဲခြင်း၊ Climate Change ထိုသို့ အလွန်အကျွံထုတ်ယူသုံးစွဲခြင်း အကျိုးဆက်ကြောင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲလာခြင်း၊ Human Overpopulation လူဦးရေ တိုးမြင့်ထူထပ်လာခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှု၊ ပဋိပက္ခများ ဖြစ်ပေါ်လာခြင်း၊ Wildlife Trade သဘာဝတောရိုင်းသက်ရှိများနှင့် ၎င်းတို့မှ ထုတ်လုပ်သောပစ္စည်းများကို တရားမဝင်ရောင်းဝယ်ခြင်း စတဲ့အကြောင်းအရာများကြောင့် ကမ္ဘာမြေ၏ ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရေး CONSERVATION အတွက် အမျိုးမျိုးသော အစီအမံများနှင့် နည်းလမ်းများ၊ In situ နှင့် ex situ ထိန်းသိမ်းရေးနည်းလမ်းများအကြောင်း အသိပညာပေးမြှင့်တင်ခြင်းနှင့် မြန်မာနိုင်ငံတွင် တည်ထောင်ထားသော သဘာဝထိန်းသိမ်းရေးနယ်မြေများ၏ အမျိုးအစားနှင့် တည်နေရာများကို ကဏ္ဍအလိုက် စိတ်ဝင်စားဖွယ် သင်ကြားကြရမှာဖြစ်ပါတယ်။

Grade 12 Biology Textbook တွင် တိကျသော ရောင်စုံပုံချပ်များ precise colourful diagrams, ဓာတ်ပုံမိုက်ခရိုဂရပ်များ photomicrographs, figures and charts, Chapter တစ်ခုချင်းစီ၏ အဆုံးမှာ နမူနာမေးခွန်းများ၊ ဝေါဟာရအသုံးအနှုန်း အခက်အခဲများကို ကျော်လွှားရန် GLOSSARY များ ပါဝင်ကြပါတယ်။ ကျောင်းသားကျောင်းသူများသည် Grade 12 Biology Textbook မှ ပါဝင်တဲ့ အကြောင်းအရာတွေကို သေချာကျေညက်အောင် လေ့လာပြီးတဲ့နောက် ဇီဝဗေဒ၊ ဇီဝဗေဒနှင့် ဆက်နွှယ်လျက်ရှိသည့် သက်ဆိုင်ရာ အသက်မွေးဝမ်းကျောင်းပညာရပ်နယ်ပယ်များတွင် ဆက်လက်လေ့လာရန် အရည်အချင်းပြည့်မီသူများ ဖြစ်လာကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

နိဂုံးချုပ်အနေနဲ့ စာမေးပွဲဖြေဆိုတဲ့အခါ -

- မေးခွန်းမှာ Mention / Name / List နဲ့စထားရင် အမည်များ ဖော်ပြဖြေဆိုရန်။
- Enumerate နဲ့စရင် အမှတ်စဉ်ထိုး၍ ဖြေဆိုရန်။
- Define နဲ့စရင် အဓိပ္ပာယ်သတ်မှတ်ရန်။
- What / How / Cite / Give / State / Describe / Discuss/ Explain/ Clarify/ Write နဲ့စထားရင် ရေးပါ၊ ရှင်းပြပါ၊ ဖြေရှင်းပါ၊ ဆွေးနွေးပါ၊ ဖော်ပြပါ၊ ဘယ်လိုနားလည်သလဲ အစရှိတဲ့ မေးခွန်းတွေကို စာသားအားဖြင့် အဖြေထုတ်ရန်။
- Distinguish/ Classify/ Differentiate နဲ့စရင် အုပ်စုနှင့် အမျိုးအစားတို့ကို ခွဲခြားပြရန်။
- Comparative / Compare and contrast/ versus နဲ့ မေးထားရင် နှိုင်းယှဉ်ဖြေဆိုရန်။
- Give a table/ Tabulate နဲ့စရင် ဇယားဆွဲ၍ ဖြေဆိုရန်။
- Give a word diagram နဲ့စရင် စကားလုံးများကို အညွှန်းမြားတန်းဖြင့် ချိတ်ဆက်ဖော်ပြရန်။
- Draw / Illustrate / illustration / drawing / diagram နဲ့ မေးထားရင် သရုပ်ဖော်ပုံဆွဲပေးရန်။
- Provide labels and caption နဲ့ စရင်ပုံကို ပြန်ကူးဆွဲစရာမလိုဘဲ အညွှန်းမြားဖြင့် ညွှန်ပြသောနေရာကို အမည်ဖော်ပေးရန်နှင့် ပုံခေါင်းစဉ်တပ်ပေးရန်ဖြစ်ပြီး နောက်ဆက်တွဲမေးသည့်မေးခွန်းရှိခဲ့လျှင် မကျန်ရစ်စေအောင် ဖြေဆိုရန် သတိပြုပါ။
- မေးခွန်းကို သေချာစွာဖတ်ပါ၊ နားလည်သဘောပေါက်အောင် ဖတ်ပြီးမှဖြေဆိုပါ။
- အဖြေလွှာရဲ့ သတ်မှတ်ထားတဲ့နေရာမှာ ခုံနံပါတ်ကို မှန်အောင် တပ်ပါ။
- အဖြေလွှာပေါ်ကညွှန်ကြားချက်များကို သေချာစွာ လိုက်နာပါ။
- ဖြေဆိုမည့်မေးခွန်းနံပါတ်ကို ဘောမျဉ်းအတွင်း မှန်အောင် တပ်ပြီးမှ ဖြေဆိုပါ။
- ဖြေဆိုပြီးအဖြေများ မှန်ကန်မှု ရှိ၊ မရှိ ပြန်လည်စစ်ဆေးပါ။

ယခုတင်ပြခဲ့တဲ့ အကြံပြုချက်များကို လိုက်နာပြီး တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ ဇီဝဗေဒဘာသာရပ်ကို ဂုဏ်ထူးမှတ်များနဲ့ ထူးထူးချွန်ချွန် အောင်မြင်အောင် ကြိုးစားကြပါလို့ တိုက်တွန်းလိုက်ပါတယ်။ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ ကျောင်းသားများအားလုံး ထူးချွန်စွာ အောင်မြင်ကြပါစေ။

✯ ASEAN Cup မှ

ဆီမီးဖိုင်နယ်တက်ရောက်လာခြင်း ဖြစ်သည်။

ဆီမီးဖိုင်နယ်ရောက် လေးသင်းတွင် လက်ရှိချန်ပီယံ ထိုင်းအသင်းက ရာနှုန်းပြည့်နိုင်ပွဲဖြင့် တက်ရောက်လာခြင်းဖြစ်ပြီး ဗီယက်နမ်အသင်းနှင့် ဖိလစ်ပိုင်အသင်းတို့မှာမူ ရှုံးပွဲမရှိဘဲ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ စင်ကာပူအသင်းမှာမူ ၂၀၂၀ ပြိုင်ပွဲနောက်ပိုင်း တစ်ကျော့ပြန် ဆီမီးဖိုင်နယ်တက်ရောက်လာခြင်းဖြစ်သည်။ ဆီမီးဖိုင်နယ် အတွဲအဖက်ဖြစ်သည့် ဖိလစ်ပိုင်နှင့် ထိုင်း၊ စင်ကာပူနှင့် ဗီယက်နမ်အသင်းတို့မှာ ပြိုင်ပွဲတစ်လျှောက် ဆီမီးဖိုင်နယ်အဆင့်တွင် ဒုတိယအကြိမ်တွေ့ဆုံခြင်းဖြစ်သည်။ ဆီမီးဖိုင်နယ် ဒုတိယအကျော့ကို ဒီဇင်ဘာ ၂၉ရက်နှင့် ၃၀ ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။

သတင်း-ကိုညီလေး၊ ဓာတ်ပုံ-FAT

✲ ကိုမိုအသင်းမှ

အင်တာမီလန်အသင်းဟာ ကိုမိုအသင်းကို အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယားထိပ်ကအတ္တလန်တာအသင်းနဲ့ နာပိုလီအသင်းတို့ထက် တစ်ပွဲလျော့ကစားထားတဲ့အချိန်မှာ ရမှတ် ၃၇ မှတ်နဲ့ အမှတ်ပေးဇယားတတိယနေရာမှာ ရပ်တည်နေပြီး အတ္တလန်တာအသင်းနဲ့ သုံးမှတ်ကွာ၊ နာပိုလီအသင်းနဲ့ တစ်မှတ်ကွာအနေအထားမှာ ရောက်ရှိနေတာဖြစ်ပါတယ်။

**အနိုင်ရရှိခဲ့**

အမှတ်ပေးဇယားထိပ်ဆုံးက အတ္တလန်တာအသင်းဟာ အမ်ပိုလီအသင်းကို သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး အမှတ်ပေးဇယားဒုတိယနေရာက နာပိုလီအသင်းကတော့ ဂျီနိုအာအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အင်တာမီလန်အသင်းဟာ နာကျင်အချိန်ပိုမှာ ရရှိခဲ့တဲ့ တူရမ်ရဲ့သွင်းဂိုးကြောင့်သာ အမှတ်ပေးဇယား အဆင့်(၄)နေရာက လာဇီယိုအသင်းကို လေးမှတ်ဖြတ်ကာ တတိယနေရာမှာ ရပ်တည်နိုင်ခဲ့တာဖြစ်ပါတယ်။ ကိုမိုအသင်းကတော့ အင်တာမီလန်အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ရမှတ် ၁၅ မှတ်နဲ့ အမှတ်ပေးဇယား အဆင့်(၁၆)နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

ငွေကြယ်

အားကစား
မြင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်
မူးယစ်ဆေး

# မန္တလေးတိုင်းဒေသကြီးတွင် ငွေကျပ် နှစ်ဘီလီယံခန့်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား၊ ကက်တမင်း၊ အက်တက်စီနှင့် Happy Water များ သိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၂၄

မန္တလေးတိုင်းဒေသကြီးတွင် ငွေကျပ် နှစ်ဘီလီယံခန့်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား၊ ကက်တမင်း၊ အက်တက်စီနှင့် Happy Water များ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၇ ရက် ညနေ ၅ နာရီတွင် သတင်းအရ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ၆၂ လမ်းပေါ်တွင် သိန်းဇော်ဦး မောင်းနှင်ပြီး ရန်နိုင်စိုး လိုက်ပါလာသည့် ၂၂ ဘီးတွဲယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၃၄၄၀၀ သိမ်းဆည်းရမိခဲ့ပြီး ယင်းနေ့ ညနေပိုင်းတွင် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ခိုင်းသူ အောင်အောင်နှင့် ဗဟိန်းတို့ကို ပြည်ကြီးတံခွန်မြို့နယ်တွင်လည်းကောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ဒီဇင်ဘာ ၁၈ ရက်တွင် မစန်းစန်းမြကို အမရပူရမြို့နယ် နတ်ရေကန်ကျေးရွာရှိ နေအိမ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၈၄၀၀၀ နှင့်လည်းကောင်း စစ်ဆေးဖော်ထုတ်ချက်များအရ ဒီဇင်ဘာ ၁၉ ရက်တွင် မျိုးထွန်းအောင်(ခ) စိုင်းခနအောင်(ခ)ကျောင်းဆရာကို ချမ်းမြသာစည်မြို့နယ် တမ္ပဝတီရပ်ကွက်ရှိ ဟိုတယ်တွင် စိတ်ပြောင်းဆေးဝါး Happy Water ၅ ဒသမ ၅ ကီလို၊ အက်တက်စီဆေးပြား ၈၆၄၀၊ အက်တက်စီအမှုန့် သုည ဒသမ ၂ ကီလိုနှင့် Toyota Crown ယာဉ်တစ်စီး၊ ဆိုင်ကယ်တစ်စီးတို့နှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး ဒီဇင်ဘာ ၂၀ ရက်တွင် ချမ်းအေးသာစံမြို့နယ် အောင်နန်းရိပ်သာ အရှေ့ရပ်ကွက်၌ ထိုက်စိုးကျော်ကို စိတ်ပြောင်းဆေးဝါး ကက်တမင်း ၁ ဒသမ ၉ ကီလို၊ အက်တက်စီ ၉၆၀၀၊ Happy 5 ဆေးပြား ၉၀၀၀၊ Happy Water ၁ ဒသမ ၂၁၅ ကီလိုနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် မန္တလေးမြို့ပေါ်ရှိ KTV၊ ဘား၊ ကလပ်နှင့် စားသောက်ဆိုင်များတွင် လူငယ်များအားရောင်းချမည့် စုစုပေါင်း ငွေကျပ် နှစ်ဘီလီယံခန့်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် စိတ်ကြွရူးသွပ်ဆေးပြား ၁ ဒသမ ၁၈၄ သိန်း၊ ကက်တမင်း ၁ ဒသမ ၉ ကီလို၊ Happy Water ၆ ဒသမ ၇၁၅ ကီလို၊ အက်တက်စီဆေးပြား ၁၈၂၄၀၊ အက်တက်စီအမှုန့် သုည ဒသမ ၂ ကီလို၊ Happy-5 ဆေးပြား ၉၀၀၀တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရအရေးယူထားရှိပြီးကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် လူငယ်များအား မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအတွက် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# တရားမဝင် စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၂၄

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဒီဇင်ဘာ ၂၃ ရက်တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘီးလင်းမြို့နယ် သံဖြူဇရပ်မြို့နယ်၊ မုဒုံမြို့နယ် ချောင်းဆုံမြို့နယ်နှင့် ကျိုက်မရောမြို့နယ်တို့၌ လိုင်စင်မဲ့ယာဉ်နှစ်စီးနှင့် ဆိုင်ကယ် ၁၂စီး (စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

## သိမ်းဆည်းရမိ

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား (မန္တလေး) စစ်ဆေးရေးစခန်း၌ ရန်ကုန်မြို့မှ မုံရွာမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၃၇၁၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်း တန်ဖိုးငွေကျပ် ၇၃၀၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် (၃၆၆/၆)၊ တံခွန်တိုင်အဝိုင်းအနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၇ မျိုးနှင့် လူသုံးကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်း တန်ဖိုးငွေကျပ် ၃၆၈၀၆၇၇၅၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀) ကိုလည်းကောင်း၊ မန္တလေးဘူတာကြီး ရန်ကုန်-မန္တလေး အဆန်ရထား ပါဆယ် ၁ ရထားတွဲပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်း တန်ဖိုးငွေကျပ် ၂၀၂၁၅၈၀၀) ကိုလည်းကောင်း၊ မန္တလေးမြို့ဟောင်းဘူတာ၌ ရန်ကုန်-မန္တလေးအဆန် ရထားကုန်တင်တွဲနံပါတ်-၄၀၀၂၉ ၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့်လုပ်ငန်းသုံး ပစ္စည်းတစ်မျိုး (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၄၅၇၉၄၆၀) ကိုလည်းကောင်း (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၅၉၀၁၁၁၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်း၌ သာမည်မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးနှင့် သာမည်မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်း တန်ဖိုးငွေကျပ် ၂၂၅၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး၊ Nissan Condor Truck တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၉၀၀၀၀၀၀၀)ကို လည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်း တန်ဖိုးငွေကျပ် ၂၅၅၉၄၈၀၀)ကို လည်းကောင်း မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ ကိုးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ခြောက်မျိုး (ခန့်မှန်း တန်ဖိုးငွေကျပ် ၆၄၂၀၃၂၅၂၀)ကို လည်းကောင်း (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၀၁၂၇၃၂၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ ဘားအံမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် SunLong Bus တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ်၃၀၀၀၀၀၀၀၀) ကိုလည်းကောင်း (စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၄၀၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

## ယခုထက်ပိုမိုစစ်ဆေး ကြပ်မတ်သွားမည်

၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၃၈ မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၄၃၅၀၂၇၄၃၀) ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည် လုပ်ငန်းရှင်များအတွက် ထိခိုက်နစ်နာမှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းတို့ ဖြစ်ပေါ်စေပြီး နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေပါသည်။ သို့ဖြစ်ပါ၍ ဆိပ်ကမ်းများနှင့် နယ်စပ်ဒေသများမှတရားမဝင်ကုန်စည် တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီး စစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှသိရသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၅-၁၂-၂၀၂၄ ဗုဒ္ဓဟူးနေ့

### MRTV HD

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(မောရသုတ်၊ ဝဋ္ဋသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၅ ခရစ္စမတ်အချိန်အခါပျော်ရွှင်စရာ
- ၀၉:၁၅ တန်ဖိုးမြင့်မားမြန်မာ့ကော်ဖီစိုက်ကြပါစို့လား
- ၁၁:၁၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- ၁၁:၃၅ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဆုတောင်းပြည့်ကြယ်တာရာစတာလာ' (အပိုင်း-၂၀)
- ၁၃:၀၅ သီချင်းကြီးပဒေသာ
- ၁၃:၃၀ MRTV National News
- ၁၄:၀၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ယုံကြည်ရာလမ်း' (အပိုင်း-၃၉)
- ၁၅:၁၅ မျိုးဝုဏ်တင့်စေဆိုကရေးတီးအဖွဲ့
- ၁၅:၃၀ Weekly Soccer Preview
- ၁၇:၀၅ ရှေးသို့ချီမည်ပန်းတိုင်ဆီ
- ၁၇:၂၀ NEXT LEVEL
- ၁၇:၃၀ ဆန်တာကလော့စ်ယူဆောင်လာသည့် ပျော်ရွှင်ဖွယ်ခရစ္စမတ်
- ၁၈:၃၅ (၇၇)နှစ်မြောက်တပ်မတော်(ရေ)နေ့ ဝုဏ်ပြုတေး
- ၁၈:၄၅ ခရစ္စမတ်တေးများ
- ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဆုတောင်းပြည့်ကြယ်တာရာစတာလာ' (အပိုင်း-၃၉)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ 'ခရစ္စမတ်' နိုင်ငံတကာတေးကဗျာ တေးဂီတပျော်ပွဲတိုက်ရိုက်ထုတ်လွှင့်မှု
- ၂၂:၃၀ ရုပ်မြင်သံကြားဇာတ်လမ်း

### mitv

- 07:01 Evergreen Classic: Lat Yay Ta Pyin Htal (Yin Wai Yan Tun)
- 07:10 Athet Htet Myat Thaw Gon Theikkar or Dignity Greater Than Life
- 07:30 Tastes of Home Land: Sour and Spicy Crab
- 07:40 Thahtay Kyun Island
- 07:54 Merry Christmas Day (25th December)
- 08:01 News
- 08:26 Asia Updates; Melodies of Nature Series (Nocturnal Adventure)
- 08:33 Nature's Progeny Town: December Garden
- 09:01 Myanmar Traditional Brass Embossed Painting
- 09:20 Tour Around in Myeik Archipelago (Epi-2) Done Waterfall and Thayawthadangyi Island
- 09:38 Clay Art On Canvas: Ricky Zachariah
- 09:56 Christmas Song
- 10:01 News

### MRTV NRC

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)** လော်ဝေါ်ရိုးရာဝတ်စားဆင်ယင်ပုံအဆင့်ဆင့်

**ကယား (၀၈:၀၀ မှ ၁၀:၀၀)** စံကားမြို့ဟောင်းနှင့်ဖယ်ခုံအင်းအလှ

**ဝကောကရင် (၁၀:၀၀ မှ ၁၁:၀၀)** ခရစ္စမတ်တေးလက်ဆောင်

**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)** ကရင်စကားပုံများအကြောင်း(အပိုင်း-၂)

**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)** လည်ပတ်လေ့လာကြည့်ရှုချင်စရာ ဇီဝမျိုးနွယ်ဆုံဆည်းရာ

**ချင်း (လိုင်ဇိုး) (၁၃:၀၀ မှ ၁၄:၀၀)** ခရစ္စမတ်မွှေးရနံ့

**ချင်း (ချိုး) (၁၄:၀၀ မှ ၁၅:၀၀)** မင်းတပ်မြို့ကိုအလှဆင်တဲ့တောင်တန်းပေါ်က ပန်းအလှများ

**မွန် (၁၅:၀၀ မှ ၁၇:၀၀)** ဆံတော်ရှင်ကျိုက်ထီးရိုး

**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)** ထူးခြားရသာရခိုင်လော့်စာ

**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)** ရှမ်းဘာသာစကားပြောကြရအောင်နော် (ဆွေမျိုးတော်စပ်ပုံ) (အပိုင်း-၃)

**ဝ (၂၁:၀၀ မှ ၂၃:၀၀)** ကျိုးတုံမြို့ရဲ့အထင်ကရနေရာများသို့(အပိုင်း-၂)

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၈:၄၅ ဆန်တာကလော့စ်ယူဆောင်လာသည့် ပျော်ရွှင်ဖွယ်ခရစ္စမတ်
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ 'ကိုရီးယားနိုင်ငံ'
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တစ်လင်နှင့်တစ်မယား'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ 'ဝင်ကျူးနိုင်ငံ'
- ၁၀:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'ဗီရှိသမ္မတနိုင်ငံ'
- ၁၁:၃၀ ရှေးသို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၅၇)

### MRTV FARMERS' / HTV Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၅ ဝင်ငွေသေချာ ရွှေနေကြာ
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၃၅ Rose Tour
- ၁၉:၂၀ Massive green bean harvest from the front yard trilles
- ၁၉:၄၅ International Music Hits
- ၂၀:၀၀ ငှါရင်ခွင်ထဲကလိပ်ပြာ(ဇာတ်လမ်း)
- ၂၂:၀၀ Jingle Jangle A Christmas Journey (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS / HTV Sports

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၅၀ Sports Diary
- ၁၇:၀၀ အားကစားသတင်း
- ၂၀:၀၀ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့်တိုင်းဒေသကြီး U-21 အမျိုးသားဘောလုံးပြိုင်ပွဲ (Replay)

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉း၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဆုတံဆိပ်ရရှိခဲ့သော ဧရာဝတီတိုင်းဒေသကြီး အားကစားအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ပွဲ ကျင်းပ



ပုသိမ် ဒီဇင်ဘာ ၂၄

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဆုတံဆိပ်ရရှိခဲ့သော ဧရာဝတီတိုင်းဒေသကြီး အားကစားအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

**ဝင်ရောက်ယှဉ်ပြိုင်ခဲ့**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးတင်မောင်ဝင်းနှင့် ဧည့်သည်တော်များသည် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဧရာဝတီတိုင်းဒေသကြီးမှ မသန်စွမ်းအားကစားနည်းနှင့်ပြည်နယ်နှင့်တိုင်းဒေသကြီး ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဆုရရှိခဲ့သည့် အားကစားသမားများအား မြို့တော်ခန်းမရှေ့တွင် ဂုဏ်ပြုကြိုဆိုကြသည်။ ထို့နောက် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဆုတံဆိပ်ရရှိခဲ့သော ဧရာဝတီတိုင်းဒေသကြီး အားကစားအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို မြို့တော်ခန်းမ၌ ကျင်းပရာ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဆုတံဆိပ်ရရှိခဲ့သော အားကစားသမား၏ ပါဝင်ယှဉ်ပြိုင်ခဲ့မှု Video Clip ပြသမှုကို ကြည့်ရှုအားပေးခဲ့သည်။ ထို့နောက် မသန်စွမ်းပြိုင်ပွဲမှ ရရှိခဲ့သည့် တံခွန်စိုက်ဆုဖလားကို တိုင်းဒေသကြီးဝန်ကြီးချုပ်ထံသို့ အပ်နှံခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က မသန်စွမ်းအားကစားနည်းနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး ပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရ အမျိုးသား အားကစားသမားများနှင့် အုပ်ချုပ်သူ၊ နည်းပြများအားလည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ဇနီးက မသန်စွမ်းအားကစားနည်းနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီး ပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရ အမျိုးသမီးအားကစားသမားများအားလည်းကောင်း၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက မသန်စွမ်းအားကစားနည်းနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဆုရရှိခဲ့သည့် အားကစားသမားများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဆုရရှိသည့် အားကစားသမားများကိုယ်စား မသန်စွမ်းပြေးခုန်ပစ်အားကစားနည်းမှ ရွှေတံဆိပ်ဆုရှင်က ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားပြီး အားကစားအဖွဲ့အား ဖျော်ဖြေရေးအစီအစဉ်များ၊ စားသောက်ဖွယ်ရာများဖြင့် ဂုဏ်ပြုဧည့်ခံရာ တက်ရောက်လာကြသူများက တပျော်တပါး ပါဝင်ဆင်နွှဲကြသည်။

**စုစုပေါင်း ဆုတံဆိပ် ၆၇ ခုရရှိ**

တိုင်းဒေသကြီးအနေဖြင့် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ အားကစားသမား ၅၄၄ ဦးဖြင့် မသန်စွမ်းအားကစားနည်းလေးနည်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အားကစားနည်း ၂၃ နည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး မသန်စွမ်းအားကစားနည်းမှ ရွှေတံဆိပ် ၁၃ ခု၊ ငွေတံဆိပ်ခုနစ်ခု၊ ကြေးတံဆိပ်ခုနစ်ခုဖြင့် ပြိုင်ပွဲဝင်ပြည်နယ်/တိုင်းဒေသကြီးများတွင် အဆင့် (၁)ရရှိ၍ တံခွန်စိုက် ဆုဖလားရရှိခဲ့ကာ ပြည်နယ်နှင့် တိုင်းဒေသကြီး အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် ၁၄ ခု၊ ငွေတံဆိပ် ၂၄ ခုနှင့် ကြေးတံဆိပ် ၂၉ ခု စုစုပေါင်း ဆုတံဆိပ် ၆၇ ခုရရှိခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဆန်စက်၊ ဆီစက်လုပ်ငန်းရှင်များနှင့် တွေ့ဆုံ



တောင်ကြီး ဒီဇင်ဘာ ၂၄

ရှမ်းပြည်နယ် အစိုးရအဖွဲ့နှင့် ရှမ်းပြည်နယ်အတွင်းရှိ ဆန်စက်၊ ဆီစက်လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲကို ဒီဇင်ဘာ ၂၃ ရက် မွန်းလွဲ ၂ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် ရှမ်းပြည်နယ် MSME အေဂျင်စီနာယက ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်က ဆန်ကို ပြည်တွင်းဖူလုံသည့်အပြင် ပြည်ပကို နှစ်စဉ်တန်ချိန်သန်းနှင့်ချီ၍ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ စားသုံးဆီကို ပြည်ပနိုင်ငံမှ နှစ်စဉ် မြောက်မြားစွာ တင်သွင်း၍ ပြည်တွင်း စားသုံးဆီဖူလုံရေးကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော် ဝန်ကြီးချုပ်က လမ်းညွှန်မှုပြုရာတွင် ဒေသအလိုက် ဆန်စက်၊ ဆီစက်များ၊ ပဲခွဲစက်များ အဆင့်မြှင့်တင်ရေးနှင့် အသစ်တည်ဆောက်ရေး လုပ်ငန်းများကို မဖြစ်မနေ ဆောင်ရွက်ပြီး လိုအပ်ပါက ညှိနှိုင်းပေါင်းစပ်မှုမျိုး ဆောင်ရွက်ပေးကြရန် လမ်းညွှန်မှာကြားကြောင်း၊ ရှမ်းပြည်နယ်အတွင်းရှိ ခရိုင်လေးခရိုင်မှ သက်ဆိုင်ရာ မြို့နယ်များရှိ ဆန်စက်၊ ဆီစက်၊ ပဲခွဲစက်များကို ပုဂ္ဂလိကလုပ်ငန်းစက်မှုဥပဒေနှင့် အကျုံးဝင်သည့် အနေအထားမျိုး ဖြစ်အောင် အသစ် တည်ဆောက်ပြီးသည့် ဆန်စက်၊ ဆီစက်များကို စက်မှုမှတ်ပုံတင်ဖြင့် ဆောင်ရွက်ပေးသင့်သည်များကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ စားသုံးဆီနှင့် ပတ်သက်၍ လာမည့် ၂၀၂၅-၂၀၂၆ ခုနှစ်တွင် ပြည်ပမှစားသုံးဆီတင်သွင်းမှုများ ရပ်တန့်စေရန်နှင့် ပြည်တွင်းရှိ ဆီစက်လုပ်ငန်းများ တိုးတက်စေရေးအတွက် ဆီထွက်သီးနှံ တိုးချဲ့ စိုက်ပျိုးရေးကိုလည်း ရည်မှန်းချက်များ ချမှတ်၍ ဆောင်ရွက်နေကြောင်း၊ ထွက်ရှိလာသည့် ပဲ၊ နှမ်း၊ ပဲပုပ်အစရှိသော ဆီထွက်သီးနှံ ထွက်ကုန်များ လုံလောက်စွာနှင့် အဆင့်မီစွာ ကြိတ်ခွဲနိုင်ရန်အတွက် ဆီစက်များ အဆင့်မြှင့်တင်ရန် မဖြစ်မနေ ဆောင်ရွက်ရမည် ဖြစ်သောကြောင့် အစည်းအဝေး တက်ရောက် လာကြသော လုပ်ငန်းရှင်များက ဆွေးနွေးအကြံပြုပေးကြရန်နှင့် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဆောင်ရွက်ပေးရမည့်ကိစ္စရပ်များကို ဖြေရှင်းညှိနှိုင်း ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းနှင့် နိုင်ငံတော်အစိုးရထံ တင်ပြပေးရမည့် ကိစ္စရပ်များကို ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

**ဆောင်ရွက်**

ထို့နောက် ရှမ်းပြည်နယ်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမျိုးလွင်က ဆန်စက်၊ ဆီစက်လုပ်ငန်းများနှင့် ချေးငွေဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် ပြည်နယ်စီးပွားရေးရာဝန်ကြီးက ဆွေးနွေး၍လည်းကောင်း၊ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ ဆန်စက်လုပ်ငန်းရှင်များ၊ ဆီစက်လုပ်ငန်းရှင်များအသင်း၊ ဆီလုပ်ငန်းရှင်များက မိမိတို့တွေ့ကြုံနေရသည့် အခက်အခဲများကို ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းရှင်များ၏ ဆွေးနွေး တင်ပြချက်အပေါ် ပေါင်းစပ်ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ရေစကြိုမြို့နယ်အတွင်းရှိ ကျေးရွာငါးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးမှုကြောင့် နေအိမ် ၄၀ ကျော် ဆုံးရှုံးကြောင်း သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၂၄

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ရေလယ်ကျွန်းဒေသရှိ ကျေးရွာငါးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သဖြင့် နေအိမ် ၄၀ ကျော် မီးလောင်ပျက်စီးခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ၎င်းဖြစ်စဉ်မှာ မှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် အဆိုပါ မြို့နယ်အတွင်း နယ်မြေလုံခြုံရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ဒေသခံပြည်သူများ၏ နေအိမ်များကို မီးရှို့ဖျက်ဆီးခြင်း မရှိကြောင်း၊ အကြမ်းဖက်သမားများကသာ ၎င်းတို့အား ထောက်ခံအားပေးမှုမရှိသည့် ကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်း၊ ပြည်သူများကို ဖမ်းဆီးသတ်ဖြတ်ခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း၊ အဆိုပါ အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဖုံးကွယ်ရန်အတွက် တရားမဝင်ပြည်ဖျက် မီဒီယာများက ယခုကဲ့သို့ သတင်းအမှားများဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်၍ မဟုတ်မမှန် လုပ်ကြံရေးသား ဝါဒဖြန့်နေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❖ အွန်လိုင်းလောင်းကစား ကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ လုပ်ငန်းသုံးပစ္စည်းများ ချီးမြှင့်ပေးအပ်



**တောင်ငူ ဒီဇင်ဘာ ၂၄**

တောင်ငူမြို့ ခပေါင်းခန်းမ၌ ဒီဇင်ဘာ ၂၃ ရက် နံနက်ပိုင်းက အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု နည်းပညာသင်တန်း ဖွင့်လှစ်ခဲ့မှုများမှ လုပ်ငန်းထူထောင်လုပ်ကိုင်မည့် သင်တန်းသူများအား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က လုပ်ငန်းသုံးပစ္စည်းများ ချီးမြှင့်ပေးအပ်ပွဲ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ချီးမြှင့်သည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက တိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြင့်မားရေး၊ မြို့ပြနှင့်ကျေးလက်ဒေသနေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ဖြစ်ထွန်းပေါ်ပေါက်လာစေရေး၊ တစ်ပိုင်တစ်နိုင် အသေးစားကုန်ထုတ်လုပ်ငန်းများ ထူထောင်လုပ်ကိုင်ဆောင်ရွက်စေရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများကို ကျေးရွာများအထိ သင်ကြားပေးလျက်ရှိကြောင်း၊ သင်တန်းပြီးသွားသည့် သင်တန်းသူများအနက် သင်ကြားစဉ်ကာလအတွင်း ထူးချွန်စွာဖြင့် သတ်မှတ်ချက်နှင့်အညီ ရွေးချယ်ခံခဲ့ရသည့် သင်တန်းသုံးခုမှ သင်တန်းသူ ၁၅ ဦးအား ရွေးချယ်၍ လုပ်ငန်းသုံးပစ္စည်းများကို ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် အရည်သွေးပြည့်ဝကောင်းမွန်သည့် လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ပြည်ပအစားထိုး ဈေးကွက်ဝင် အသုံးအဆောင်ပစ္စည်းများ ထုတ်လုပ်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တောင်ငူမြို့နယ် ငါးဖယ်အင်းကျေးရွာတွင် ဖွင့်လှစ်ခဲ့သည့် တန်ဖိုးမြင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းမှ ထူးချွန်သင်တန်းသူငါးဦးအား လုပ်ငန်းသုံးပစ္စည်းများ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ရေတာရှည်မြို့နယ် ကြံသန္ဓယ်ကျေးရွာတွင် ဖွင့်လှစ်ခဲ့သည့် အခြေခံစက်ချုပ်နည်းပညာသင်တန်းနှင့် အုတ်တွင်းမြို့နယ် ဥယျာဉ်တောကျေးရွာတွင် ဖွင့်လှစ်ခဲ့သည့် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်းတို့မှ ထူးချွန်သင်တန်းသား ၁၀ ဦးအတွက် လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လုပ်ငန်းသစ်ထူထောင်ကြမည့် ထူးချွန်သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကားပြောကြားကာ လုပ်ငန်းသုံးပစ္စည်းများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## ဘဏ်ပိတ်ရက်များနှင့် ဖွင့်ရက်များ ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက် (အင်္ဂါနေ့)၊ ၂၀၂၅ ခုနှစ် မတ်လ ၁၂ ရက်(ဗုဒ္ဓဟူးနေ့)နှင့် မတ်လ ၁၄ ရက် (သောကြာနေ့)၊ ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၃ ရက်(တနင်္လာနေ့)၊ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက် (သောကြာနေ့)များသည် **"အများပြည်သူ အလုပ်ပိတ်ရက်များ"** ဖြစ်ပါသဖြင့် ဘဏ်များအားလုံး ပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်းနှင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်(စနေနေ့)၊ ၂၀၂၅ ခုနှစ် မတ်လ ၂၂ ရက်(စနေနေ့) နှင့် မတ်လ ၂၉ ရက်(စနေနေ့)၊၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်(စနေနေ့)၊၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၃ ရက် (စနေနေ့)များသည် **"အလုပ်ဖွင့်ရက်များ"** ဖြစ်ပါသဖြင့် ဘဏ်များအားလုံး ဖွင့်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

# အာရှဖလား အမျိုးသမီးဖူဆယ် ခြေစစ်ပွဲ အုပ်စု(D)ပွဲစဉ်များကို ရန်ကုန်မြို့၌ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၄**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံ ကျင်းပခွင့်ရထားသည့် ၂၀၂၅ အာရှဖလား အမျိုးသမီး ဖူဆယ်ခြေစစ်ပွဲ အုပ်စု(D)ပွဲစဉ်များကို ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ် အားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။

ခြေစစ်ပွဲ အုပ်စု(D)တွင် ဗီယက်နမ်၊ တရုတ်တိုင်ပေ၊ မကာအိုနှင့် မြန်မာအသင်းတို့ ပါဝင်နေပြီး ဇန်နဝါရီ ၁၅ ရက်မှ ၁၉ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ယင်းအာရှဖလား အမျိုးသမီး ခြေစစ်ပွဲမှာ MFF ဖူဆယ်အားကစားရုံတွင် ပထမဆုံးကျင်းပသည့် နိုင်ငံတကာပြိုင်ပွဲအဖြစ် မှတ်တမ်းဝင်မည်ဖြစ်သည်။ ခြေစစ်ပွဲကို တစ်နေ့လျှင် နှစ်ပွဲနှုန်းဖြင့် ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းပွဲစဉ်များကို ဒုတိယပွဲအဖြစ် ကျင်းပမည်ဖြစ်သည်။ အုပ်စု(D)ပွဲစဉ်များအဖြစ် ဇန်နဝါရီ ၁၅ ရက်တွင် တရုတ်တိုင်ပေနှင့် မကာအို၊ မြန်မာနှင့် ဗီယက်နမ်၊ ဇန်နဝါရီ ၁၇ ရက်တွင် ဗီယက်နမ်နှင့် မကာအို၊ မြန်မာနှင့် တရုတ်တိုင်ပေ၊ ဇန်နဝါရီ ၁၉ ရက်တွင် ဗီယက်နမ်နှင့် တရုတ်တိုင်ပေ၊ မြန်မာနှင့် မကာအိုတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ခြေစစ်ပွဲကို အုပ်စုလေးခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုစီမှ ထိပ်ဆုံးနှစ်သင်းစီနှင့် တတိယနေရာရအသင်းများ အနက် အကောင်းဆုံးတစ်သင်း စုစုပေါင်း ကိုးသင်း ခြေစစ်ပွဲ အောင်မြင်မည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီး အသင်းသည် ယင်းခြေစစ်ပွဲ အတွက် ဒီဇင်ဘာ ၁၆ ရက်မှစ၍ ပဏ္ဏာမကစားသမား ၁၉ ဦးဖြင့် စခန်းဝင် လေ့ကျင့်လျက်ရှိပြီး နည်းပြချုပ်အဖြစ် ထိုင်းနိုင်ငံသား ဘန်လက်ချာယိုဝန်က ကိုင်တွယ်လျက်ရှိသည်။

သတင်း-ကိုညီလေး

ဓာတ်ပုံ-MFF



မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်း လေ့ကျင့်နေစဉ်။

**သွေးသည် အသက်**


## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄/ဒီ)၊ မြေကွက်အမှတ်- V၉၄၊ အကျယ်အဝန်း ( ၂၅ x ၄၂ )ပေ၊ (၁၀၅၀) စတုရန်းပေ၊ ( ၀.၀၂၄ )ဧကရှိ နှစ် (၆၀) မြေငှားဂရန်ဟုခေါ်တွင်ပြီး ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ ၁၃၆-လမ်း၊ အမှတ် (၂၄)ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပထမထပ် (ဝဲ+ယာ) တိုက်ခန်း (၂) ခန်း အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူ အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်အေးအေးမြင့် [၁၀/မလမ (နိုင်) ၁၅၂၅၇၄] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေနှင့်တိုက်ခန်း(၂)ခန်းအရောင်းအဝယ်ကိစ္စကို မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက မြေနှင့်တိုက်ခန်း (၂) ခန်း အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသက်နိုင်ဦး [ LL.B, LL.M, MRes(Law), D.B.L]**
**အထက်တန်းရှေ့နေ (စဉ်-၃၆၉၃၃)**
**အမှတ် (၁၅)၊ မြေညီ၊ အထက်မန္တလေးလမ်းသွယ် (၃)၊ ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၉၇၅၀၂၁၈၄၁**



**အများသိစေရန်ကြေညာချက်**

၁။ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ)ရပ်ကွက်၊ က-ဖလမ်း၊ မြေတိုင်းရပ်ကွက် အမှတ်-မြို့သစ်(က)၊ မြေကွက်အမှတ်(၅၂၅-က)၊ အိမ်အမှတ်(၇၅)တွင် (၁)ခန်းတည်း (၆)ထပ်တိုက်(Pitch Roof) အဆောက်အဦဆောက်လုပ်ခွင့်အား မြေရှင်ဦးဌေးမြင့်ထံမှ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးကျော်စွာသိန်း၊ လိုင်စင်ရကန်ထရိုက်တာဦးဇော်မိုးလတ်(LC-100)၊လိုင်စင်ရအင်ဂျင်နီယာဦးဘဂျမ်း(LS-145) တို့ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)၏ ၁-၁-၂၀၁၆ ရက်စွဲပါ စာအမှတ်၊ ၃၆၆၅/၃၆၆၆/စည်ပင်-ယာ(အုံ)ဖြင့် ဆောက်လုပ် ခွင့်ပြုထားပြီးဖြစ်ပါသည်။

၂။ ယခုအခါအဆိုပါ ဆောက်လုပ်ခွင့်အား လိုင်စင်ရကန်ထရိုက်တာ ဦးဇော်မိုးလတ် (LC-100)အစား လိုင်စင်ရကန်ထရိုက်တာဦးနေမင်းထွန်း(LC-1276)သို့ ပြောင်းလဲဆောင်ရွက်ခွင့်ပြုပါရန် မြေရှင်နှင့် လိုင်စင်ရကန်ထရိုက်တာ (၂)ဦးတို့မှ လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ


# မြဝတီခရိုင်၌ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ မဖြစ်ပွားစေရန် အသိပညာပေး ဆွေးနွေးပွဲပြုလုပ်

**မြဝတီ ဒီဇင်ဘာ ၂၄**

ကရင်ပြည်နယ် မြဝတီခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာနတို့ ပူးပေါင်း၍ ယနေ့နံနက် ၁၀ နာရီက ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ မဖြစ်ပွားစေရန် ကြိုတင်ဂရုပြုလိုက်နာရမည့်အသိပညာပေးဆွေးနွေးပွဲကို လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြုလုပ်သည်။

**ရှင်းလင်းပြောကြား**

ဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်မာမာရီက ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ပတ်သက်၍ အသိပညာပေးဆွေးနွေးပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မိခင်နှင့် ကလေးကျန်းမာရေးဌာနကျန်းမာရေးကြီးကြပ်(၁) ဒေါ်ရင်ရင်မိုးက ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါသည် ရာသီမရွေးဖြစ်ပွားနိုင်၍ အထူးသဖြင့် မိုးအကုန် ဆောင်းအကူးရာသီများတွင် ပိုမိုဖြစ်ပွားနိုင်ကြောင်း၊ ရောဂါပိုးများပါရှိသည့် မသန့်ရှင်းသောရေနှင့် ယင်နားထားသည့်



အစားအစာများ ထိတွေ့ကိုင်တွယ်စားသောက်ရာမှတစ်ဆင့် လူတစ်ဦးမှ တစ်ဦးသို့ လျင်မြန်စွာကူးစက်နိုင်သောကြောင့် အသက်သေဆုံးသည်အထိ ဖြစ်ပွားနိုင်ကြောင်း၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားပါက နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံး ဆေးကုသမှုခံယူသင့်ကြောင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ သတိပေးနှိုးဆော်ချက်များနှင့်အညီ ပြည်သူလူထုအားလုံး တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရေးတို့ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဇာဖြူဝင်း(မြဝတီ)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်) နဝမအကြိမ် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်းနှင့် ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၏ နဝမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်-

| | | |
|---|---|---|
| လျှောက်လွှာတင်သွင်းရမည့်ရက် | - | ၂၆-၁၂-၂၀၂၄ ရက်နေ့မှ ၁၀-၁-၂၀၂၅ ရက်နေ့ထိ |
| အစမ်းလေ့ကျင့်မည့်ရက် | - | ၂၃-၁-၂၀၂၅ (ကြာသပတေးနေ့)၊ နံနက်(၀၉:၀၀)နာရီ |
| ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက် | - | ၂၅-၁-၂၀၂၅ (စနေနေ့)၊ နံနက်(၀၉:၀၀)နာရီ |
| ဘွဲ့နှင်းသဘင်ကျင်းပမည့်နေရာ | - | သမဝါယမနှင့် စီမံခန့်ခွဲမှုပညာ တက္ကသိုလ်(သန်လျင်) |

၂။ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၏ နဝမအကြိမ် ဘွဲ့နှင်းသဘင်အား ၂၀၂၁-၂၀၂၂ ပညာသင်နှစ်နှင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်များတွင် နောက်ဆုံးနှစ်ဘွဲ့ စာမေးပွဲများ၊ ဘွဲ့လွန်ဒီပလိုမာ စာမေးပွဲများနှင့် မဟာဘွဲ့ စာမေးပွဲများကို ဖြေဆိုအောင်မြင်ပြီးသူများ လျှောက်ထားနိုင်ပါသည်။

၃။ ဘွဲ့နှင်းသဘင်လျှောက်လွှာများကို ၂၆-၁၂-၂၀၂၄ ရက်မှ ၁၀-၁-၂၀၂၅ ရက်အတွင်း သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၊ စာမေးပွဲနှင့် ဘွဲ့နှင်းဌာနခွဲတွင် သတ်မှတ်လျှောက်လွှာပုံစံထုတ်ယူပြီး လွန်ခဲ့သည့် (၃)လအတွင်း ရိုက်ကူးထားသော (၂x၁ ½)လက်မ ရောင်စုံဓာတ်ပုံ (၃)ပုံပူးတွဲ၍ လျှောက်ထားရမည်။ ဓာတ်ပုံများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ (အမျိုးသား) နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ သပ်ရပ်စွာရိုက်ကူးထားသောဓာတ်ပုံ၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် မိတ္တူနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူတို့ဖြင့် လျှောက်ထားရမည်။

၄။ ဘွဲ့လွန်ဒီပလိုမာနှင့် မဟာဘွဲ့လျှောက်ထားသူများသည် ပထမဘွဲ့၏ ဘွဲ့လက်မှတ်မိတ္တူကိုပါ တစ်ပါတည်းထည့်သွင်းလျှောက်ထားရမည်။

၅။ ဘွဲ့နှင်းသဘင်အခမ်းအနားနှင့် အစမ်းလေ့ကျင့်ပွဲများတွင် ဘွဲ့တက်ရောက်ယူမည့်သူများသည် ယဉ်ကျေးမှုအစဉ်အလာနှင့်အညီ မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား)တို့ကို အပြည့်အစုံဝတ်ဆင်သူများကိုသာ တက်ရောက်ခွင့်ပြုမည်ဖြစ်ပါသည်။

၆။ ဘွဲ့တက်ရောက်ယူမည့်သူများအတွက် ဘွဲ့ဝတ်စုံငှားရမ်းခွင့်ထောက်ခံစာ၊ ဘွဲ့နှင်းသဘင်သို့ တက်ရောက်ခွင့်ပြုသည့် လက်မှတ်/ဧည့်လက်မှတ်များကို ၂၀-၁-၂၀၂၅ ရက်နှင့် ၂၁-၁-၂၀၂၅ ရက်နေ့များတွင် သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၊ ဘက်စုံသုံးခန်းမတွင် ထုတ်ပေးမည်ဖြစ်ပါသည်။

၇။ အသေးစိတ်အချက်အလက်များကို သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်)၊ ဖုန်း - ၀၉-၇၉၅၃၀၀၁၅၁ တွင် စုံစမ်းနိုင်ပါသည်။

**ဌာနမှူး**
**သင်တန်းရေးရာဌာန**

## "ပျောက်ဆုံးကြောင်း"

ကျွန်တော်များ Galaxico Co., Ltd မှ Import Document များပါသည့် ဖိုင်အိတ် လမ်း၌ ကျကျန်ခဲ့ပါသဖြင့် တွေ့ရှိပါက 09-254734734 သို့ ဆက်သွယ်ပေးပါရန် အသိပေးအပ်ပါသည်။

**Galaxico Co.,Ltd**

## ပျောက်ဆုံးကြောင်း

(ဘ) ဦးစိုးမြင့်စိုး ကျွန်တော် သီဟအောင် [၁၂/ဒလန(နိုင်)၀၅၆၅၀၅]၏ ပင်လယ်ပြင်လုပ်သက်စာရွက် testimonial (၁)စောင်မှာ 6-6-2019 မှ 10-10-2020 စောင်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။

**ဖုန်း-09-795420010**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ရဲဗိုလ်ဗိုလ် [၁၂/ဒဂတ (နိုင်) ၀၃၄၂၃၉] **စီဒီစီအမှတ်-63843 ၏ စီဒီစီ** စာအုပ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-09-452119809**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ကျန်စစ်မင်းအိမ်ရာ အပိုင်း(၂)၊ အမှတ် (၈)ရပ်ကွက်၊ တိုက်အမှတ်(၆)၊ အခန်းအမှတ်(၃၀၁)၊ တတိယထပ်အား ဦးအောင်ကျော်စိုး [၁၂/ပဘတ (နိုင်) ၀၀၁၂၇၈]ထံမှ ဒေါ်ပြုံးသန္တာ [၁/မညန (နိုင်) ၁၆၈၆၆၂]က စာချုပ်စာတမ်းဖြင့် ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့် စာအုပ်တွင် အမည်ပြောင်းလဲပေး ပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့် နေ့မှစ၍ (၁၅)ရက်အတွင်း အထောက် အထား ပြည့်စုံစွာဖြင့် တင်ပြ ကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

ရတနာ
သစ်တော
ပြည့်သွေး
ကြော
သစ်တော
ရတနာ
ထိန်းသိမ်း
ပါ

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃၂/B)၊ လူနေရပ်ကွက်အမှတ်(ပျဉ်းမပင်/မြောက်)၊ မြေကွက်အမှတ်(၈၉)၊ မြေအကျယ်အဝန်း(၀. ၀၈၂)ဧကရှိသော နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်အမည်ပေါက်ပိုင်ဆိုင်ထားသူ မိခင် ဒေါ်ဝင်းဝင်းခိုင် မှာကွယ်လွန်သွားခဲ့ပြီး အမွေဆက်ခံခွင့်ရှိကြသော သားသမီးများဖြစ်ကြသည့် ဒေါ်တင်ခိုင်ရှင်း[၁၂/တမန (ပြု) ၀၀၀၂၈၈] နှင့် ဦးရှင်းမောင်မောင် [၁၂/တမန(ပြု) ၀၀၀၂၈၉]ကိုင်ဆောင်သူတို့က မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ တရားဝင် အမွေဆက်ခံပိုင်ဆိုင်လာခဲ့ပြီး လွှတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လိုင်ချင့်ဆွမ်း [၁၃/ကခန(နိုင်)၁၄၉၂၈၄]ကိုင်ဆောင်သူက အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါ ပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်းကျွန်ုပ်ထံသို့ အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်တင်ပြ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်းကန့် ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိမ့်ဇာဦး (မြောင်းမြ)(LL.B)(D.B.L)(D.M.L)**
**(တရားလွှတ်တော်ရှေ့နေ)(စဉ်-၁၉၀၈၁)**
**အမှတ်(၁၁၂၈)၊ သရဖီ(၇)လမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၅၄၀၁၀၄၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

